**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသော သူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၀)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်သာသနိကယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေး၊ တန်ခိုးကြီးဘုရား၊ စေတီများအား ဖူးမြော်ကြည်ညို

သတင်းစာမျက်နှာ - ၁၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၆ ရက်)

# ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း

မြန်မာ့သမိုင်းကိုပြန်ပြောင်းလေ့လာပါက ခေတ်ကြီးသုံးခေတ်နှင့်မင်းမြတ်သုံးပါးတို့၏ပုံရိပ်များကို မြင်တွေ့ရမည်ဖြစ်သည်။ ပထမမြန်မာနိုင်ငံတော်ကိုစုစည်းတည်ထောင်ခဲ့သော အနော်ရထာမင်းကြီး၊ ဒုတိယမြန်မာနိုင်ငံတော်ကိုစုစည်းတည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးနှင့်တတိယမြန်မာနိုင်ငံတော်ကိုစုစည်းတည်ထောင်ခဲ့သော အလောင်းမင်းတရားကြီးတို့သည် မြန်မာ့သမိုင်းတွင် မေ့ပျောက်ထား၍မရသော မင်းမြတ်သုံးပါးဖြစ်သည်။ ထိုမင်းမြတ်သုံးပါးတို့သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ခိုင်မာအောင်တည်ဆောက်နိုင်ခဲ့ကြသဖြင့် ယနေ့တိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအဖြစ်ရပ်တည်နေနိုင်ခြင်းဖြစ်သည်။

ထိုမင်းမြတ်သုံးပါးတို့၏နန်းတော်ရာများ၊ မြို့ရိုးအဆောက်အအုံများကို မျိုးဆက်သစ်အဆက်ဆက်တို့လေ့လာကြည့်ရှုနိုင်ရန် တပ်မတော်က နိုင်ငံတော်တာဝန်ကိုဦးဆောင်သည့်ကာလတွင် နန်းတော်ရာများကို မူလလက်ရာအတိုင်း ပညာရှင်များ၏အကြံဉာဏ်ဖြင့် ပြန်လည်တည်ဆောက်ပေးခဲ့သည်။ ပုဂံမြို့ရှိနန်းတော်၊ ရွှေဘိုမြို့ရှိနန်းတော်၊ ဟံသာဝတီရှိနန်းတော်နှင့် မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်တို့ကို ထင်ရှားစွာလေ့လာကြည့်ရှုနိုင်ကြသည်။ မြန်မာတို့၏ဇာတိသွေး၊ ဇာတိမာန်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်တို့ကို သိရှိထားခြင်းဖြင့် မိမိတို့ပိုင်ဆိုင်ထားသောနိုင်ငံတော်ကိုတည်တံ့ခိုင်မြဲအောင်၊ တိုးတက်ဖွံ့ဖြိုးအောင်ကြိုးပမ်းကြရမည်ဟူသော အသိအမြင်ကိုရရှိစေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ်လ ၂၃ ရက်နေ့က တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရန်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်းသတင်းကို ရုပ်မြင်သံကြားတွင်တွေ့မြင်လိုက်ရသည်။ တောင်ငူ ကေတုမတီမြို့ဟောင်းဆိုင်ရာအချက်အလက်များနှင့်သမိုင်းအထောက်အထားများ၊ မြို့ဟောင်းမြို့ရိုးနှင့်ကျုံးတို့၏တည်ရှိမှုအခြေအနေများ၊ ကေတုမတီနန်းတော်နေရာအား ကွင်းဆင်းလျာထားဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့လေးခံတပ်ဆိုင်ရာအချက်အလက်များ၊ မြို့ရိုးနှင့်ကျုံးကိုတူးဖော်သုတေသနပြုဆောင်ရွက်နေမှုများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် **"မြို့ရိုးနှင့်ပတ်သက်၍ တူးဖော်သုတေသနပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းကျင်သူများဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးများ၊ မြို့ရိုးဝင်ပေါက်များနှင့်တံတားများကိုပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုများပြုလုပ်ရာတွင် ဖြစ်နိုင်ဖွယ်ရာအချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျုံးနှင့်တံတားများကိုဦးစားပေးအနေဖြင့်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် မြို့ရိုးများ၊ နန်းတော်ရာနေရာများကို တစ်ဆင့်ပြီးတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြောင်းရွှေ့ရန်လိုအပ်သည့်ဝန်ကြီးဌာနအဆောက်အဦများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့်ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း"**ပြောကြားခဲ့သည်။

ကေတုမတီနန်းတော်ရာနှင့်ပတ်သက်၍ အတည်ပြု၍ရသည့်နေရာများ၊ ဘုတ်တလုတ်ကန်နေရာများကိုပြန်လည်ဖော်ထုတ်ရာတွင် ရှေးဟောင်းဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ရှေးဟောင်းအမွေအနှစ်များကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းကြရမည်ဖြစ်သည်။ ကေတုမတီနန်းတော်သည် ဒုတိယမြန်မာနိုင်ငံတော်ကိုစုစည်းတည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးအခြေစိုက်ခဲ့သည့်နန်းတော်တစ်ခုဖြစ်သည်။ ဟံသာဝတီရှိ ကမ္ဘောဇသာဒီနန်းတော်ကြီးသို့မရွှေ့ပြောင်းမီ ဤနန်းတော်ကိုအသုံးပြုခဲ့ခြင်းဖြစ်သည်။

တောင်ငူခေတ်တွင် အုပ်စိုးသောမင်းများအနေဖြင့် သာသနာရေးကိုလွန်စွာချီးမြှင့်ခဲ့သဖြင့် ဗုဒ္ဓသာသနာလွန်စွာထွန်းကားခဲ့ကြောင်းသိရှိရသည်။ ယခုတိုင်ထင်ရှားသောပဲခူးမြို့မှ မဟာစေတီကဲ့သို့သောစေတီများကို တောင်ငူခေတ်က ဆောက်လုပ်တည်ထားကိုးကွယ်ခြင်းဖြစ်ရာ အုပ်ချုပ်သူဘုရင်မင်းများအနေနှင့် သာသနာရေးကိုမည်မျှအားပေးကြောင်း သိရှိနိုင်သည်။ တောင်ငူခေတ်စာဆိုများကလည်း တောင်ငူခေတ်တွင် ဘုရားကျောင်းကန်၊ စေတီ၊ ပုထိုးများ၊ ရဟန်းသူတော်စင်များ များပြားလှကြောင်း စပ်ဆိုခဲ့ကြသည်။ တောင်ငူမင်းတို့သည် စစ်တိုက်ခိုက်သည့်ဒေသများ၌ စေတီပုထိုးများကိုတည်လေ့ရှိသည်။ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြုရန်အဖွဲ့များစေလွှတ်ခဲ့သည်ကိုတွေ့ရှိရသည်။ တောင်ငူမင်းတို့သည် ရဟန်းသံဃာတို့အား ပစ္စည်းလေးပါးထောက်ပံ့၍ ဗုဒ္ဓသာသနာကို ချီးမြှောက်ကြသည်။

တောင်ငူခေတ်တွင် ပြည်တွင်းကူးသန်းရောင်းဝယ်ရေးသာမက ပြည်ပနိုင်ငံများနှင့်ကူးသန်းရောင်းဝယ်ရေးမှာလည်း တိုးတက်အောင်မြင်ခဲ့ကြောင်းကို ခေတ်ပြိုင်မှတ်တမ်းများမှသိရှိရသည်။ တောင်ငူမြို့သည် ဆွာမြစ်၊ ပေါင်းလောင်းမြစ်နှင့်ခပေါင်းမြစ်တို့ဆုံသည့်နေရာတွင်တည်ရှိသဖြင့် ရှေးယခင်ကပင် ထွန်ယက်စိုက်ပျိုးရန်မြေဩဇာကောင်းမွန်သောနေရာဖြစ်ခဲ့သည်။ ယခုလို တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းအမွေအနှစ်နေရာများအား ပြုပြင်ထိန်းသိမ်းခြင်းသည် မျိုးဆက်သစ်အဆက်ဆက်တို့အနေဖြင့် ရှေးဟောင်းသမိုင်းအမွေအနှစ်များကိုလေ့လာသိရှိနိုင်ပြီး အမျိုးဂုဏ် ဇာတိဂုဏ်ကိုမြှင့်တင်နိုင်မည်ဖြစ်သည့်အတွက် ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း။ ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဩဂုတ် ၂၅

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်း ကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်းလှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ (ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## သောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်းတူးဖော်နေမှုအား တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ သောက်သုံးရေဖူလုံစွာရရှိရေး တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မိတ္ထီလာ)၏ ဘဏ္ဍာရန်ပုံငွေဖြင့် စက်ရေတွင်းအသစ်များ တူးဖော်လျက်ရှိရာ အဆိုပါစက်ရေတွင်းအသစ်များ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နေလူထုသောက်သုံးရေဖူလုံစွာရရှိနိုင်ရေးအတွက် အသစ်တူးဖော်ဆောင်ရွက်နေသည့် ၈ လက်မစက်ရေတွင်းသုံးတွင်းအနက် အင်တောကျေးရွာအုပ်စု အင်တောကျေးရွာတွင် တူးဖော်နေသည့်စက်ရေတွင်း အမှတ်(၄)နှင့်အမှတ်(၅)တို့၏ တူးဖော်ပြီးစီးမှုအခြေအနေများအားကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်မြသက်နှင်းတို့က စက်ရေတွင်းတူးဖော်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

အဆိုပါစက်ရေတွင်း အမှတ်(၄)နှင့်အမှတ်(၅)တို့မှာ ၈ လက်မစက်ရေတွင်းများဖြစ်ပြီး နှစ်တွင်းလုံး၌အနက်ပေ ၃၄၀ တွင် ရေစတင်တွေ့ရှိကြောင်းသိရပြီး ယနေ့အထိ တူးဖော်ပြီးစီးမှုရာခိုင်နှုန်းအနေဖြင့် တွင်းအမှတ်(၄)တွင် ၈၀ ရာခိုင်နှုန်းနှင့် တွင်းအမှတ်(၅)တွင် ၈၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၁၆ | မေတ္တာပို့ |
| ၃။ | ၇:၂၀ | ဓမ္မပူဇာတေး |
| ၄။ | ၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၇:၃၅ | မျိုးချစ်တပ်မတော် |
| ၆။ | ၉:၃၅ | တစ်ပတ်အတွင်းနိုင်ငံတကာသတင်း |
| ၇။ | ၁၀:၁၅ | စာဆိုစစ်သည်ကလောင်ရှင်များ |
| ၈။ | ၁၂:၃၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၉။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၁၀။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၁။ | ၁၈:၅၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၂။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ် တရုတ်-မြန်မာအခန်းကဏ္ဍ (အပိုင်း ၁၉၊ ၂၀)** |
| ၁၃။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ

**တောင်ကြီး ဩဂုတ် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယမန်နေ့ နံနက်ပိုင်းက တောင်ကြီးမြို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး၊ သန့်ရှင်းကောင်းမွန်သော ပတ်ဝန်းကျင်ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်သော Green Mining၊ Responsible Mining ဖြစ်စေရေး ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်သစ်နှင့် သတ္တုတွင်းထွက်များ ထုတ်ယူသယ်ဆောင်မှု တားဆီးရေးကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားကာ ဝန်ထမ်းများအား ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့နယ် တောင်ကြီး ငှက်ဘေးမဲ့တောအတွင်း ကျောက်တောင်မြေအား ကွန်တိုလိုင်းဖော် မြေအစားထိုးစနစ်ဖြင့် စိုက်ပျိုးထားသော အပင် ၂၃၅၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ်တောင်ကြီးထင်းကြိုးဝိုင်းအတွင်းရှိ ၂၀၂၃ ခုနှစ် ရေဝေရေလဲစိုက်ခင်း ဧက ၁၀၀ နှင့်ကွန်တိုလိုင်းဖော်မြေအစားထိုးစနစ်ဖြင့် စိုက်ပျိုးမှု အပင် ၁၂၅၀ ၊ ၂၀၂၃ ခုနှစ် ယူကလစ်စပ်မျိုး စိုက်ခင်း ၁၀ ဧက၊ ၂၀၂၄ ခုနှစ် ရေဝေရေလဲစိုက်ခင်း ၇၅ ဧက၊ ကျောက်တောင်မြေအား မြေအစားထိုး၍ အပင် ၂၆၀၀ စိုက်ပျိုးထားမှုနှင့် ၂၀၂၄ ခုနှစ် စက်မှုကုန်ကြမ်း ထင်းရှူးစိုက်ခင်း ဧက ၇၀ ရှင်သန်အောင်မြင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တောင်ကြီးမြို့ ရေပေးဝေရေးအတွက် အရေးပါသော ထီသိမ်ကန်ရေထွက် စိမ်းလန်းစိုပြည်စေရေးအတွက် စိုက်ပျိုးထားသည့် ၂၀၂၃ ခုနှစ် ကွက်လပ်ဖြည့် ထင်းရှူးစိုက်ခင်း အပင် ၁၀၀၀၀ အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ရောက်ရှိပြီး သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိရုံးသစ်တည်ဆောက်နေမှုကိုလည်းကောင်း၊ ဟိုပုံး-လွိုင်လင်ကားလမ်း ၂၀၂၄ ခုနှစ် အာဆီယံလမ်းဘေးဝဲယာ စိုက်ခင်း ၄၂ ဧက ရှင်သန်အောင်မြင်မှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဟိုပုံးမြို့နယ် လွယ်တန့်ကျေးရွာသို့ ရောက်ရှိပြီး သစ်တောဦးစီးဌာနနှင့် အာရှဒေသ သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွယ်တန့်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကျေးရွာ ၁၆ ရွာမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်အောင်မြင်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ဒေသခံများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လွယ်တန့်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအတွင်း သီးနှံ သစ်တောရောနှောစိုက်ပျိုးခြင်း ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ငလိုက်ချောင်းရေကျဆင်းမှုအခြေအနေအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြား



**ပျဉ်းမနား ဩဂုတ် ၂၅**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိငလိုက်ချောင်းရေကျဆင်းမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ငလိုက်ချောင်းအတွင်း ရေမြင့်တက်မှုကြောင့် ပါရှိလာသည့် အမှိုက်များအား အမြန်ဆုံးရှင်းလင်းဖယ်ရှားပြီး ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ပျဉ်းမနားမြို့ ကူးတို့ဆိပ်ကျေးရွာအုပ်စုသို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ ရေဘေးကြောင့် နောက်ဆက်တွဲဖြစ်ပွားတတ်သည့် ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အစားအသောက်များကို အထူးဂရုပြုနေထိုင်စားသောက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ကူးတို့ဆိပ်ကျေးရွာအုပ်စုအတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အသိပေးဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ ကူးတို့ဆိပ်ကျေးရွာ၌ မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် စာကြည့်တိုက်အဆောက်အအုံအသစ်တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၃၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၃၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဩဂုတ် ၂၅**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ဩရိသပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/ဇလ)

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ကျောင်းဆရာဖြစ်ချင်လွန်းလို့ မြို့ပြအရပ်မှာ ကျောင်းလာတက်နေသည့် ကျွန်တော် လုပ်ငန်းခွင်ဝင်နိုင်မည့် တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲဖြေဆိုဖို့ ကျောက်ဖြူမြို့ကြီးသို့ ရောက်လာခဲ့ပြန်ပြီ။ နှစ်တိုင်းလိုပဲ မိုးဦးကျ ကျောင်းအပ်ရာသီမှာ ထမင်းစားစရိတ်အဖြစ် အကြိုဆန် သံတောင်း ၄၀ ကိုလည်း တစ်ပါတည်းယူဆောင်လာခဲ့သည်။ ကျွန်တော်တို့မိဘများမှာ လယ်လုပ်သူများမဟုတ်ကြ၍ အဖေ၊ အမေတို့ ချွေးနဲ့စာထဲက ကုတ်ခြစ်ပြီး လယ်သမားများဆီက ဝယ်ခြမ်းရသည်။

သံတောင်း ၄၀ ဆိုသည်မှာ -

နို့ဆီဘူး ၂ ဘူး သည် ၁ စလယ်

၂ စလယ် (နို့ဆီဘူး ၄ ဘူး) သည် ၁-သိုက်

၃ သိုက် (နို့ဆီဘူး ၁၂ ဘူး) သည် ၁- ဘဝါ

၂ ဘဝါ (နို့ဆီဘူး ၂၄ ဘူး) သည် ၁- ဖလား

၂ ဖလား (နို့ဆီဘူး ၄၈ ဘူး) သည် ၁- သံတောင်း

သို့ဖြစ်၍ အလီတိုင်ဆိုလျှင်

နို့ဆီ ၂ ဘူး = ၁ စလယ်

၂ စလယ် = ၁ သိုက်

၃ သိုက် = ၁ ဘဝါ

၂ ဘဝါ = ၁ ဖလား

၂ ဖလား = ၁ သံတောင်း

ထပ်ဆင့်ပြောရသော်

၁ စလယ်တွင် နို့ဆီ ၂ ဘူးရှိသည်။

၁ သိုက်တွင် နို့ဆီ ၄ ဘူး (၂ စလယ်)ရှိသည်။

၁ ဘဝါတွင် နို့ဆီ ၁၂ ဘူး (၆ စလယ်) (၃ သိုက်) ရှိသည်။

၁ ဖလားတွင် နို့ဆီ ၂၄ ဘူး (၁၂ စလယ်) (၆ သိုက်) (၂ ဘဝါ) ရှိသည်။

၁ သံတောင်းတွင် နို့ဆီ ၄၈ ဘူး (၂၄ စလယ်) (၁၂ သိုက်) (၄ ဘဝါ) (၂ ဖလား) ရှိသည်။

**''မာန်အောင်ကျွန်းသူအဘွားမှာ ဇရာပိုင်းရောက်နေသော်လည်း ကျန်းမာသည်။ ထို့ကြောင့် သူ ဆေးရွက်ကြီးအလုပ်ကို လုပ်မြဲလုပ်သည်။ ကျွန်တော့်ကိုလည်း ကိုယ့်သား၊ ကိုယ့်မြေးအရင်းလိုပဲ တတ်နိုင်သလောက် ချက်ပြုတ်ပေးသည်၊ စာကြိုးစားဖို့ ဆုံးမသည်၊ ကျွန်တော်ကလည်း အားလပ်ချိန်လေးများမှာ အိမ်မှုကိစ္စများကို နိုင်သလောက် ကူညီလုပ်ကိုင်ပေးသည်။ ဆေးရွက်ကြီးအရောင်းအဝယ်ကိစ္စနဲ့ အဘွားခိုင်းလျှင် ကျွန်တော် ဟိုနား၊ ဒီနားသွားပေးရသည်. . .''**

မာန်အောင်ကျွန်းသူအဘွားမှာ ဇရာပိုင်းရောက်နေသော်လည်း ကျန်းမာသည်။ ထို့ကြောင့် သူ ဆေးရွက်ကြီးအလုပ်ကို လုပ်မြဲလုပ်သည်။ ကျွန်တော့်ကိုလည်း ကိုယ့်သား၊ ကိုယ့်မြေးအရင်းလိုပဲ တတ်နိုင်သလောက် ချက်ပြုတ်ပေးသည်။ စာကြိုးစားဖို့ ဆုံးမသည်။ ကျွန်တော်ကလည်း အားလပ်ချိန်လေးများမှာ အိမ်မှုကိစ္စများကို နိုင်သလောက် ကူညီလုပ်ကိုင်ပေးသည်။ ဆေးရွက်ကြီးအရောင်းအဝယ်ကိစ္စနဲ့ အဘွားခိုင်းလျှင် ကျွန်တော် ဟိုနား၊ ဒီနားသွားပေးရသည်။

- - - - - - - - - - - - - - - - - -

"မောင်ဘညွန့်ရေ စာမေးပွဲကြီးနီးပြီနော် ဘယ်လိုလဲ စာတွေ၊ ကဗျာတွေရေးတုန်းပဲလား"

အတန်းပိုင်ဆရာမ ဒေါ်စောရည်စကားကြောင့် ကျွန်တော် မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

"စာကြိုးစားရမယ်၊ စာမေးပွဲအောင်လို့ရှိရင် အလုပ်တစ်ခု ဝင်လုပ်လို့ရတယ်၊ ကိုယ်ဝါသနာပါတဲ့ စာပေကိုလည်း ကောင်းကောင်းလုပ်လို့ရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

"လပတ်စာမေးပွဲတွေမှာရတဲ့ ရမှတ်တွေကို ဆရာမ မကြိုက်ဘူးနော်။ သင်္ချာ(၁)ရော၊ သင်္ချာ(၂)ရော ကျတယ်။ အောင်တဲ့ဘာသာတွေလည်း ၆၀ ကျော်တာ မြန်မာစာတစ်ဘာသာပဲရှိတယ်"

ကျွန်တော် ကိုယ့်အပြစ်ကို ရှက်သလိုလိုတွေ့သွားသည်။ ဆရာမ ဆုံးမစကားက နှစ်ကိုယ်ကြားလိုဖြစ်နေ၍ တော်သေးသည်ဟု နှလုံးပိုက်မိလိုက်၏။ ထိုစဉ် ရုံးအကူရောက်လာပြီး အတန်းပိုင်ဆရာမ ဒေါ်စောရည်ကို စာရွက်တစ်ရွက်ပေးသည်။

ဒေါ်စောရည် စာကိုလှမ်းယူပြီး ဖတ်ကြည့်လိုက်၏။ ဆရာမ၏ မေတ္တာပြည့်မျက်နှာပြင်လေးမှာ အပြုံးပန်းများ ဖြာဝေသွားသည်။ ကျောင်းသား၊ ကျောင်းသူများမှာလည်း ဆရာမ၏ ပြုံးရယ်ခြင်းအဓိပ္ပာယ်ကို မသိသော်လည်း ဆရာမ၏မေတ္တာဓာတ်ကြောင့် ပြုံးရယ်မိလျက်သား ဖြစ်နေကြပါတော့သည်။ ဆရာမမှာ စာရွက်ကလေးကိုကိုင်ပြီး တပည့်များကို အပြုံးတစ်ပွေ့တစ်ပိုက်နဲ့ လှမ်းကြည့်လိုက်၏။

"ကဲ ဒီမှာ အကုန်လုံးနားထောင်ကြပါ"

ကျောင်းသား၊ ကျောင်းသူများ တိတ်ဆိတ်နေကြ၏။

"ဒီနှစ် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် (၉) တန်းနှင့် (၁၀) တန်း ကျောင်းသား၊ ကျောင်းသူတွေ ကျောင်းတွင်းကျောင်းပြင် အကုန်လုံးပဲ မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့တယ်လေ မှတ်မိကြလား"

"မှတ်မိပါတယ် ဆရာမ"

"အဲဒီစာစီစာကုံးပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယ ရကြတဲ့ ကျောင်းသား သုံးဦးနဲ့ အထူးဆု နှစ်ဆု အကုန်လုံး ငါးဆုပေါ့နော်။ အဲဒါ အခု ဒီမှာ ဆုစာရင်းလာပြီနော်"

ကျောင်းသား၊ ကျောင်းသူများ အကုန်လုံး အထူးစိတ်ဝင်စားသွားကြသည်။

"ပထမရတာကတော့ ဆရာမအတန်းက ဆရာမတပည့် ကိုးတန်းကျောင်းသား မောင်ရွှေပြားပဲ"

အတန်းသား၊ အတန်းသူများအားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့ကိုးတန်း (ဂ) တွင် မောင်ရွှေပြားဟူသည်မရှိ၍ပင် ဖြစ်သည်။

"ကြောင်နေကြပြီမဟုတ်လား၊ အဲဒါ စာဖတ်မှုအားနည်းတာ၊ စာပေလေ့လာမှုအားနည်းတာကို ပြတာလေ" ကျောင်းသား၊ ကျောင်းသူများမှာ ဆရာမကို အဓိပ္ပာယ်ရှာသည့် မျက်လုံးအစုံစုံနဲ့ စိုက်ကြည့်နေကြ၏။

**ဆက်လက်ဖော်ပြပါမည်။**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။

**❖ ဆီထွက်သီးနှံများတွင် နေကြာသည်လည်း ဆီထုတ်လုပ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် သီးထပ်စိုက်ပျိုးသွားရန်လို၊ မိုးစပါးစိုက်ပျိုးပြီးချိန်တွင် နေကြာစိုက်ပျိုးမည်ဆိုပြီး မြစ်ရေတင်စီမံကိန်းများဖြင့် အောင်ရေရရှိအောင်စိုက်ပျိုးနိုင်၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေးနှင့် သီးထပ်စွမ်းအား အနည်းဆုံး ၂၀၀ ရာခိုင်နှုန်းတိုးတက်အောင်ဆောင်ရွက်. . .**

**❖ ယခုပညာသင်နှစ်တွင် ကျောင်းတက်ရာခိုင်နှုန်း ပိုမိုမြင့်မားလာသည်ကိုတွေ့ရှိရသော်လည်း နိုင်ငံတစ်ဝန်းလုံး၏ ကျောင်းနေအရွယ်ရာခိုင်နှုန်း၏ ၇၀ ရာခိုင်နှုန်း ခန့်သာရှိနေသေး၊ အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့်ကျောင်းများ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန်လို. . .**

**❖ ဒေသအလိုက် လူတစ်ဦးတစ်ယောက်ချင်းစီမှ လုံခြုံရေးအသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ကြရန်လို၊ ပြည်သူ့လုံခြုံရေး People Security၊ Public Security နှင့်ပတ်သက်၍ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်လို၊ မိမိတို့နေထိုင်သည့်ဒေသ ရပ်ကွက်၊ ကျေးရွာများအလိုက်၊ လမ်းများအလိုက် လုံခြုံရေးစနစ်များတည်ဆောက်၍ဆောင်ရွက်မည်ဆိုပါက နယ်မြေဒေသလုံခြုံရေးအတွက် များစွာအကျိုးရှိထိရောက်စေမည်ဖြစ် . . .**

**❖ လာမည့်အောက်တိုဘာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို စတင်ကောက်ယူသွားမည်ဖြစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုရလဒ်များ နိုင်ငံတော်ကို ကြေညာပြီးချိန်တွင် မဲစာရင်းပြုစုပြီး ရွေးကောက်ပွဲကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် . . .**

❍ ကျောဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုများအား အသီးသီးတင်ပြ**

ဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား အသီးသီးရှင်းလင်းတင်ပြကြသည်။

**ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံစေမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရန်ဖြစ်ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း တစ်ဆက်တည်းတင်ပြစေခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံမည်ဖြစ်ကြောင်း၊ စိုက်ကေများအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်စိုက်ပျိုးရန်လိုပြီး သီးထပ်များစိုက်ပျိုးရန်လည်းလိုကြောင်း၊ အနည်းဆုံး သီးထပ် ၂၀၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ရန်လိုပြီး ထိုသို့ စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ နှစ်ဆတိုးလာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မြို့၊ ရွာများသည် ဧရာဝတီမြစ်၏ ဝဲ၊ ယာတွင်ရှိပြီး စနစ်တကျဖြင့် အကျိုးရှိအောင် အသုံးချနိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ဆည်ရေသောက်ဧရိယာများမှ သီးထပ်စွမ်းအားများကိုလည်း မြင့်တက်လာအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများအောင်မြင်တိုးတက်လာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားရေးဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှ စားသုံးဆီများကို နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများကို သုံးစွဲရလျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဆီထွက်သီးနှံများကို စိုက်ပျိုးကြကြောင်း၊ သို့သော် ဆီထွက်သီးနှံများကို ဆီအဖြစ်ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ်တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ် စားသုံးခြင်းများကြောင့် ဒေသတွင်းဆီလိုအပ်ချက်များဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံ ဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများတွင် နေကြာသည်လည်း ဆီထုတ်လုပ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် သီးထပ်စိုက်ပျိုးသွားရန်လိုကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးချိန်တွင် နေကြာစိုက်ပျိုးမည်ဆိုပြီး မြစ်ရေတင်စီမံကိန်းများဖြင့် အောင်ရေရရှိအောင် စိုက်ပျိုးနိုင်ကြောင်း၊ အလားတူ အခြေခံလိုအပ်ချက်ဖြစ်သည့် စားသောက်ကုန်ပစ္စည်းများကိုဒေသတွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများအားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှတင်သွင်းရမှုများ **စာမျက်နှာ ၆ သို့** ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Good Brothers' Machineries ကုမ္ပဏီလီမိတက်မှ စမ်းသပ်ထုတ်လုပ်ထားသည့် Mini Cotton Ginning Machine ကို ကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❍ စာမျက်နှာ ၅ မှအဆက်

များပြားခဲ့သဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှတင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့်ထွက်ကုန်များကို ပိုမိုတင်ပို့ခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက်ကုန်ထုတ်လုပ်မှုများတိုးတက်စေရေးနှင့် သီးထပ်စွမ်းအား အနည်းဆုံး ၂၀၀ ရာခိုင်နှုန်းတိုးတက်အောင်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း။

**ပညာရည်မြင့်မားရေး**

ပညာရည်တိုးတက်ရေးနှင့်ပတ်သက်၍ ယခုပညာသင်နှစ်တွင် ကျောင်းတက်ရာခိုင်နှုန်း ပိုမိုမြင့်မားလာသည်ကိုတွေ့ရှိရသော်လည်း နိုင်ငံတစ်ဝန်းလုံး၏ကျောင်းနေအရွယ်ရာခိုင်နှုန်း၏ ၇၀ ရာခိုင်နှုန်းခန့်သာ ရှိနေသေးကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့်ကျောင်းများ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆိုပါ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများကို အချိန်ပိုသင်ကြားပေးပြီး အတန်းပညာများ အမှန်တကယ်တတ်မြောက်အောင်သင်ကြားပေးရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများအားလုံးကိုလည်း အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ ပညာသင်ကြားနိုင်ရန်အတွက် ပညာရေး၏ အရေးပါမှုကို သဘောပေါက်နားလည်နိုင်စေရေး ပညာပေးခြင်း၊ စည်းရုံးခြင်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် နိုင်ငံအတွက် ပညာတတ်များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

**ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့်**
**အားကစားကဏ္ဍမြင့်မားတိုးတက်စေရေး**

ကျန်းမာရေးနှင့်ပတ်သက်၍ ပညာသင်ယူမှုပြီးဆုံးသည့် ကျန်းမာရေးဝန်ထမ်းများကို နိုင်ငံတော်၏ ကျန်းမာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **နိုင်ငံအဝန်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့်ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ်ခန့်အပ်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆရာဝန်များအား ခန့်အပ်တာဝန်ပေးထား** ကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍကိုအနည်းငယ်ပြောကြားလိုကြောင်း၊ အားကစားကဏ္ဍတိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရေး၊ စိတ်ဓာတ်ကောင်းမွန်စေရေး၊ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ **မကြာမီတွင် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အနှစ်သာရရှိစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်** သွားကြရန်လိုကြောင်း။

**ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်နှင့်**
**လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ**
**အောင်မြင်စွာကျင်းပနိုင်ရေး**

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအလိုက် လူတစ်ဦးတစ်ယောက်ချင်းစီမှ လုံခြုံရေးအသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူ့လုံခြုံရေး People Security၊ Public Security နှင့်ပတ်သက်၍ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့်ဒေသ ရပ်ကွက်၊ ကျေးရွာများအလိုက်၊ လမ်းများအလိုက် လုံခြုံရေးစနစ်များ တည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက နယ်မြေဒေသလုံခြုံရေးအတွက် များစွာအကျိုးရှိထိရောက်စေမည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးလုပ်ငန်းများနှင့်ပတ်သက်၍ Check, Recheck, Counter Check များပြုလုပ်၍ အပြန်ပြန်အလှန်လှန်စစ်ဆေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများ နည်းလမ်းမျိုးစုံဖြင့် ထိခိုက်ခြင်းကြောင့် ဒေသအလိုက်ထိခိုက်မှုများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်လိုပြီး လုံခြုံရေးအမြင်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးထိခိုက်မှုဖြစ်စဉ်များသည် နိုင်ငံရေးကို အခြေခံ၍ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး မဲမသမာမှုကြောင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့်ဖြေရှင်းရန် လုပ်ဆောင်လာခြင်းများကြောင့်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးနိုင်ရန်လိုကြောင်း၊ အခြားနိုင်ငံများတွင်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာကျင့်သုံးဆောင်ရွက်နေကြကြောင်း၊ နိုင်ငံရေးအရ ဆောင်ရွက်ရာတွင် အာဃာတများထားခြင်း၊ လက်တုံ့ပြန်ခြင်းများမရှိဘဲ အေးအေးချမ်းချမ်းဖြစ်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲစာရင်းနှင့်ပတ်သက်၍ မသမာမှုများ လုပ်ဆောင်ခဲ့သည်ကိုတွေ့ရှိရပြီး မဲပေးရာတွင်လည်း ကြိုတင်မဲများကို မဲမသမာမှုများပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ မဲမသမာမှုပြုလုပ်ခဲ့သည့်အထောက်အထားများကိုလည်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ၎င်း **မဲမသမာမှုများသည် မဲဆန္ဒနယ်တစ်ခုတည်းတွင် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ ဒေသအလိုက် တစ်နိုင်ငံလုံးတွင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များပါဝင်ပြီး အချို့ဝန်ကြီးချုပ်များပါ ပါဝင်ကြောင်း၊ ထိုသို့ မဲမသမာမှုပြုလုပ်နိုင်ရန်အတွက် မဲစာရင်းပြုစုရေးအဖွဲ့ဖွဲ့ခြင်း၊ အထောက်အကူပြုအဖွဲ့ ဖွဲ့ခြင်းတို့တွင် NLD ပါတီဝင်များက ပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်မဲမသမာမှုများကို NLD ပါတီက ဦးဆောင်၍ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မဲမသမာမှုပြုလုပ်ရာတွင် ကြိုတင်မဲပေးရာ၌ မသမာမှုပြုလုပ်ခြင်း၊ မဲစာရင်းများတွင် မသမာမှုပြုလုပ်ခြင်း စသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆိုးရွားသည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း။**

မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် အောက်တိုဘာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို စတင်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု ရလဒ်များ နိုင်ငံတော်ကို ကြေညာပြီးချိန်တွင် မဲစာရင်းပြုစုပြီး ရွေးကောက်ပွဲကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းများမှားယွင်းမှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ဆန္ဒမဲပေးချိန်တွင်လည်း မှန်မှန်ကန်ကန်ဖြစ်စေရေး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများအနေဖြင့်ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြစေလိုကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်ခိုင်မာစွာဖြင့် ဆက်လက်ရပ်တည်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံအား မူလအခြေအနေအတိုင်းပြန်လည်ရောက်ရှိရန်အတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်နှင့် လူမျိုးအပေါ် အမှန်တကယ်နားလည်သူများရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများရှိရန်လိုကြောင်း၊ ထို့ကြောင့်ပြည်သူ့လုံခြုံရေးနှင့် ပတ်သက်၍ **ပြည်သူပါသည့် လုံခြုံရေးစနစ်ကိုဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူများပါဝင်ပါက တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ကောင်းမွန်လာပြီး မိမိတို့နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Good Brothers' Machineries ကုမ္ပဏီလီမိတက်မှ စမ်းသပ်ထုတ်လုပ်ထားသည့် Mini Cotton Ginning Machine ကို ကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**ထူးခြားသည့်နေ့အပူချိန်များ**

၂၅-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၄ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၂၁)ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး




ပဲခူး ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၂၁)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းအား ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုများအား လိုက်လံကြည့်ရှုခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့်ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာရေးနှင့်ပတ်သက်၍ အရည်အသွေးပြည့်ဝသောကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင်အသက်ရှည်စွာ နေထိုင်ရေးအတွက် လစဉ် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ်ထောက်ပံ့ပေးခြင်း၊ အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းအပြင် လူနာစောင့်များအတွက် နေ့စဉ်ထမင်းနှင့်ဟင်းအား အထူးသက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ စုစုပေါင်း အငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၉၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ်အတွင်း၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော်နေထိုင်လျက်ရှိကြောင်း သိရသည်။ (၄၀၁)၊ **တင်စိုး(ပဲခူး)**

# သီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၅

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ သီတဂူမျက်စိအထူးကုအဖွဲ့၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများက ခေတ်မီစမ်းသပ်စစ်ဆေးသောစက်ကြီးများဖြင့် သတ္တမအကြိမ်မြောက် အခမဲ့စမ်းသပ်စစ်ဆေးခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အခမဲ့စမ်းသပ်ခွဲစိတ်ခြင်းများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ သီတဂူဆေးရုံတော် ကိုးထပ်ကျောင်းဆောင်၌ ဩဂုတ်လ ၂၃ ရက်မှ ၂၇ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များက သီတဂူမျက်စိဆေးရုံတော်သို့ လာရောက်ပြသလျက်ရှိသည်။

ယင်းသို့အခမဲ့စမ်းသပ်ခွဲစိတ်ခြင်းများ ဆောင်ရွက်ရာ ဩဂုတ်လ ၂၃ ရက်တွင် မျက်စိစမ်းသပ်စစ်ဆေးခြင်းများဆောင်ရွက်ပြီး ဩဂုတ်လ ၂၄ ရက်တွင် မျက်စိဝေဒနာရှင် ၉၂ ဦးနှင့် ဩဂုတ်လ ၂၅ နှင့် ၂၆ ရက်တို့တွင် ခွဲစိတ်ပြီးအမြင်အလင်း ပေးနိုင်ခဲ့သည့် မျက်စိဝေဒနာရှင်များကို ဩဂုတ်လ ၃၁ ရက်တွင် အမြင်ပြန်လည်စမ်းသပ်စစ်ဆေးပေးသွားမည်ဖြစ်သည်။ ယင်းအပြင် (၈)ကြိမ်မြောက်တွင် မျက်စိအခမဲ့စမ်းသပ်စစ်ဆေးခွဲစိတ်ကုသမှုများကို ခံယူလိုသည့်မျက်စိဝေဒနာရှင်များအနေဖြင့်လည်း စက်တင်ဘာလ ပထမပတ်တွင် စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌သီတဂူအာယုဒါနဆေးရုံတော်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါတွင် သီတဂူဆေးရုံတော်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်ပေးခဲ့ရာ ဆေးရုံတော်ပေါင်း ၄၄ ရုံထိ ဖွင့်လှစ်ခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်း နှစ်သန်းကျော်ကို ကြည့်ရှုပေးခဲ့ကာ ငါးသိန်းခန့်ကို မျက်စိအလင်း အလှူပေးနိုင်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**



# 3MA Amateur 4 ပြိုင်ပွဲများ ရန်ကုန်မြို့၌ကျင်းပ



ရန်ကုန် ဩဂုတ် ၂၅

မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ကစားသမားများအား Kickboxing နေရာတွင် ခြေဆန့်နိုင်ရန်ရည်ရွယ်ကာ 3MA Amateur 4 ပြိုင်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ANS လက်ဝှေ့ရုံသစ်ကြီး၌ တွဲဆိုင်း ၁၆ ဆိုင်းဖြင့် ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၏ MMA ပြိုင်ပွဲများတွင် သုံးမိနစ်ထိုးတစ်မိနစ်နား သုံးချီပွဲများဖြစ်ပြီး ကျော်ဝေယံနှင့်ဗညားဦး၊ ဆာလောလနှင့် ဇင်ကိုအောင်၊ ဇင်ဖြိုးနှင့်ဝိုင်းသူရ၊ လွင်ထက်နှင့် အောင်ဟိန်းစွမ်း၊ ကျားလေးနှင့် အောင်ကောင်းကျော်တို့ကလည်းကောင်း၊ သုံးမိနစ်ထိုးတစ်မိနစ်နား သုံးချီ BOXING ပြိုင်ပွဲတွင် မင်းမြတ်နှင့်လင်းယုန်၊ ကျော်သီဟနှင့်ပြည့်စုံဦးတို့ကလည်းကောင်း၊ နှစ်မိနစ်ထိုးနှစ်မိနစ်နား နှစ်ချီ NOVICE KICK-BOXING ပြိုင်ပွဲတွင် ရောဘတ်ထွန်းနှင့် မင်းကောင်း၊ ခန့်ကျော်လင်းနှင့် Biggy Wyne တို့ကလည်းကောင်း ထိုးသတ်ကြသည်။

ထို့အတူ သုံးမိနစ်ထိုးတစ်မိနစ်နား သုံးချီ Kickboxing ပြိုင်ပွဲတွင် ထွယ်ရှောင်နှင့်Boxer Shine၊ သူရနှင့်ဖိုးပြည့်၊ ကျော်နိုင်ထွန်းနှင့် ဆလိုင်း၊ အဂ္ဂနှင့် ကောင်းမြတ်ဟိန်း၊ ကောင်းကောင်းနှင့် စောထဲနီစေး၊ Ring La (Spartan Kickboxing)နှင့်နွေဦး၊ ကျော်ဇင်မောင်နှင့်မြင့်မြတ်ဟိန်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြကြောင်း သိရသည်။ **ဝန်းရံ့ခ**

နေပြည်တော် ဩဂုတ် ၂၅

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (၅၀၀)

## သံလွင်မြစ်ရေနှင့်စစ်တောင်းမြစ်ရေတို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မျောက်ကျောက်ရောဂါ ကြောက်စရာ

ပေါက်ပေါက်

၂၀၂၄ ခုနှစ်အတွင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် အာဖရိကတိုက်ရှိ နိုင်ငံများ၌ Mpox (မျောက်ကျောက်) ရောဂါကူးစက်ဖြစ်ပွားမှုအရှိန်မြင့်တက်လာပြီး ပြင်းထန်သည့် ဗိုင်းရပ်စ်မျိုးကွဲအသစ် (Clade Ib) ထွက်ပေါ်နေသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဩဂုတ်လ ၁၄ ရက်တွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ယခုနှစ်စကတည်းက ရောဂါဖြစ်ပွားမှု သိသိသာသာတိုးလာပြီး မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၁၅၆၀၀ ကျော်နှင့် သေဆုံးသူ ၅၃၇ ဦးအထိရှိခဲ့၍ အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဩဂုတ်လ ၁၃ ရက်တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ပြီး နောက်တစ်နေ့တွင် WHO ကလည်း အထက်ပါကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

မျောက်ကျောက်ရောဂါသည် လက်ရှိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအပြင် ဘူရွန်ဒီ၊ ရဝမ်ဒါအပါအဝင် တခြားအာဖရိကနိုင်ငံများသို့လည်း ပျံ့နှံ့နေသည်။ အာဖရိကဒေသအပြင်ဘက်တွင် ကူးစက်မှုပြင်းထန်မျောက်ကျောက်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဩဂုတ်လတတိယပတ်အတွင်း လေ့လာသိရှိရသောသတင်းများမှာ -

- ထိုင်းနိုင်ငံတွင် ဩဂုတ်လ ၂၁ ရက် ထုတ်ပြန်ချက်အရ မျောက်ကျောက်ရောဂါကူးစက်ခံရသူ တစ်ဦးတွေ့ရှိနေကြောင်း၊ လတ်တလောတွင် ကူးစက်မြန် ဗိုင်းရပ်စ်မျိုးကွဲအသစ် (Clade Ib) ကူးစက်ခံထားရသူသည် ထိုင်းနိုင်ငံတွင် အခြေစိုက်နေထိုင်သည့် အသက် ၆၆ နှစ်အရွယ်ရှိ ဥရောပနိုင်ငံသား တစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် အာဖရိကဒေသတွင် သွားရောက်အလုပ်လုပ်ကိုင်နေရာမှ ဩဂုတ်လ ၁၄ ရက်တွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ပြီး နောက်တစ်နေ့တွင် ကိုယ်အပူချိန်မြင့်တက်လာကာ အဖုအပိမ့်များထွက်လာသဖြင့် ဆေးရုံတွင် သွားရောက်ကုသခဲ့ရာမှ မျောက်ကျောက်ရောဂါ ကူးစက်ခံရသည်ကို တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းနှင့်အတူ လေယာဉ်စီးလာသည့် ခရီးသည် ၄၃ ဦးတို့အား ဖျားနာမှုတစ်စုံတစ်ရာရှိပါက ကျန်းမာရေးဌာနတွင် သွားရောက်ကုသမှုခံယူရန် ထိုင်းနိုင်ငံ ကူးစက်ရောဂါထိန်းချုပ်ရေးဌာနက သတင်းထုတ်ပြန်ထားသည်။
- ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါကူးစက်ခံရသူ တစ်ဦးကို ဩဂုတ်လ ၁၉ ရက်တွင် တွေ့ရှိထားကြောင်း၊ အဆိုပါ ကူးစက်ခံရသူမှာ အသက် ၃၃ နှစ်အရွယ် ဖိလစ်ပိုင်နိုင်ငံသား အမျိုးသားတစ်ဦးဖြစ်ပြီး ပြည်ပသို့ ခရီးသွားခဲ့ဖူးသူ မဟုတ်ကြောင်း၊ ၎င်းအနေဖြင့် ထိုရောဂါ မည်သို့ကူးစက်ခံခဲ့ရပြီး မည်သည့်အမျိုးအစားဖြစ်သည်ကို ဖော်ထုတ်နိုင်ရန် ဆက်လက်ဓာတ်ခွဲစစ်ဆေးနေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ထိုရောဂါကူးစက်ခံရသည်ကို ၂၀၂၂ ခုနှစ် ဇွန်လက ပထမဆုံးတွေ့ရှိခဲ့ပြီး ယခုကူးစက်ခံရသူမှာ ၁၀ ဦးမြောက်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**''မျောက်ကျောက်ရောဂါသည် တိရစ္ဆာန်မှ လူကိုကူးစက်ခြင်း၊ လိင်မှုတစ်ဆင့်ကူးစက်ခြင်း၊ အရေပြားမှတစ်ဆင့် ကူးစက်ခြင်းအပြင် ရောဂါရှိသူနှင့် အနီးကပ်စကားပြောခြင်း၊ အနီးကပ်နေထိုင်ခြင်း၊ အနီးကပ်အသက်ရှူခြင်း စသောအသက်ရှူလမ်းကြောင်းဆိုင်ရာအမှုန်အမွှားနှင့် အရည်များမှတစ်ဆင့်လည်း ကူးစက်တတ်သည် . . . ''**

- ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းဒေသ၌ နှစ်ရက်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားသူ အနည်းဆုံး သုံးဦးတွေ့ရှိထားကြောင်း၊ အဆိုပါရောဂါဖြစ်ပွားသူတို့ကို ၎င်းတို့အလုပ်လုပ်ရာ အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံအတွင်းသို့ပြန်လာစဉ် တွေ့ရှိရကြောင်း၊ ထို့ပြင် ထိုရောဂါသံသယရှိသူ နောက်တစ်ဦး၏ ရောဂါပိုးနမူနာကိုလည်း ဓာတ်ခွဲခန်းသို့ပို့ထားကြောင်းနှင့် အဆိုပါသံသယရှိသူသည် အရေပြားဆေးခန်းသို့ သွားရောက်ပြသစဉ် ယခုကဲ့သို့ သံသယဝင်ခံရခြင်းဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ ကျန်းမာရေးဌာနက ဩဂုတ်လ ၁၆ ရက်က သတင်းထုတ်ပြန်ထားသည်။
- ဆွီဒင်နိုင်ငံ၌ ကူးစက်မှုပြင်းထန်သည့် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ဩဂုတ်လ ၁၅ ရက်တွင်တွေ့ရကြောင်း၊ မျောက်ကျောက်ဗိုင်းရပ်စ်မျိုးကွဲမှာ (Clade Ib) ဖြစ်ပြီး အသားချင်းထိတွေ့ရုံဖြင့် ကူးစက်နိုင်သောမျိုးကွဲဖြစ်ကြောင်း၊ ယခုတွေ့ရှိချက်မှာ အိမ်တွင်းအသုံးအဆောင်ပစ္စည်းများမှတစ်ဆင့် အဓိကကူးစက်ခြင်းဖြစ်ပြီး ကလေးငယ်များကို ကူးစက်လေ့ရှိကြောင်းနှင့် ကူးစက်ခံရပါကလည်း ရောဂါခံစားရမှုပြင်းထန်ကြောင်းနှင့် ရောဂါကြောင့် သေဆုံးနိုင်ခြေမြင့်မားကြောင်း ဆွီဒင်နိုင်ငံ ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ထားသည်။

**မျောက်ကျောက်ရာဇဝင်**

၁၉၅၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ဓာတ်ခွဲခန်းက မျောက်များတွင် ဗိုင်းရပ်စ်ရောဂါပိုးတစ်မျိုး စတင်တွေ့ရှိခဲ့သဖြင့် Monkey pox (မျောက်ကျောက်ရောဂါ) ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါရှားပါးကူးစက်ရောဂါတစ်မျိုးသည် အာဖရိကအလယ်ပိုင်းနှင့် အနောက်ပိုင်းနိုင်ငံရှိ အပူပိုင်းမိုးသစ်တောများတွင် ၁၉၇၀ ပြည့်လွန်နှစ်များက လူများ၌ စတင်ဖြစ်ပွားခဲ့ပြီး ၁၉၈၀ ပြည့် လွန်နှစ်များအတွင်း ပျောက်ကွယ်သွား သည်။ တစ်ဖန် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း တွင် တောင်ဆူဒန်နှင့် တခြားအာဖရိကနိုင်ငံများ၌ ပြန်လည်ပေါ်ထွန်းလာခဲ့သည်။ ၂၀၀၃ ခုနှစ် မေလတွင် အမေရိကန်ပြည်ထောင်စု ဝစ္စကိုဆင်ပြည်နယ်မှ ကလေးငယ်တစ်ဦး ခွေးကိုက်ခံရပြီးနောက် ထိုရောဂါကူးစက်ခံခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု၌ ဖြစ်ပွားခဲ့သော ယင်းကူးစက်ရောဂါသည် ဂါနာနိုင်ငံမှ တင်သွင်းသော ကြွက်များကိုရောင်းချသည့် အိမ်မွေးတိရစ္ဆာန်စတိုးဆိုင်မှ စတင်ဖြစ်ပွားသည်ဟုလည်း ဆိုကြသည်။

၂၀၂၂ ခုနှစ်အတွင်း အာဖရိကအလယ်ပိုင်း၊ အာဖရိကအနောက်ပိုင်းနိုင်ငံတို့တွင်သာမက ဥရောပ၊ မြောက်အမေရိကနှင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ကူးစက်ပျံ့နှံ့လာပြီဖြစ်သည်။ မူရင်းတွေ့ရှိခဲ့သော မျောက်ကျောက်ရောဂါသည် ရောဂါပိုးရှိသောလူ သို့မဟုတ် တိရစ္ဆာန် သို့မဟုတ် အရာဝတ္ထုပစ္စည်းများနှင့် အနီးကပ်ထိတွေ့ခြင်း၊ ကိုင်တွယ်ခြင်းဖြင့် ကူးစက်နိုင်သည်။ ထိုကာလများ၌ လူအချင်းချင်း ကူးစက်မှုကို အနည်းငယ်သာတွေ့ရှိရသော်လည်း ၂၀၂၂ ခုနှစ် မေလအတွင်း ကပ်ရောဂါအသွင် ပျံ့နှံ့လာသည့်ရောဂါမှာ အမျိုးသားအချင်းချင်း လိင်တူဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်ကြောင်းနှင့် ယင်းရောဂါ၏ မျိုးဗီဇအပြောင်းအလဲသည် မျှော်လင့်ထားသည်ထက် ၁၂ ဆ ပိုမြန်ဆန်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။ အကယ်၍ မွေးကင်းစကလေးငယ်၊ ကလေးသူငယ်များနှင့် မူလကိုယ်ခံအားချို့ယွင်းသူများတွင် အဆိုပါရောဂါပိုး ကူးစက်ခံရပါက ပိုမိုပြင်းထန်သောလက္ခဏာများ ဖြစ်နိုင်ခြေရှိပြီး သေဆုံးနိုင်ခြေလည်းရှိကြောင်း သိရသည်။

ရောဂါပိုးကူးစက်မှု သိသိသာသာမြင့်တက်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် WHO က နိုင်ငံတကာစိုးရိမ်ဖွယ် အများပြည်သူကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သော်လည်း ၂၀၂၃ ခုနှစ် မေလ ၁၁ ရက်တွင် အများပြည်သူကျန်းမာရေး အရေးပေါ်အခြေအနေမှ ဖြေလျှော့ခဲ့သည်။ မူလက Monkey Pox (မျောက်ကျောက်) ဟု ခေါ်ဆိုကြသော်လည်း ယင်းဗိုင်းရပ်စ်ပိုးအမည် မှည့်ရာတွင် ခွဲခြားမှုနှင့် မနှစ်မြို့စရာများရှိနေကြောင်း စောဒကတက်မှုများကြောင့် ၂၀၂၂ ခုနှစ်အကုန်တွင် Mpox သို့ပြောင်းလဲခေါ်ဆိုရန် WHO က ကြေညာခဲ့သည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

မျောက်ကျောက်ရောဂါ၏ ထူးခြားချက်က ပေါင်ခြံ၊ ချိုင်း၊ လည်ပင်း စသည့်နေရာများတွင် အကျိတ်များထွက်ပေါ်လာပြီး ရောဂါလက္ခဏာများမှာ ရေကျောက်ရောဂါနှင့်ဆင်တူသည်။ အပြင်ပန်းအားဖြင့်ကြည့်လျှင် ရေကျောက်နှင့် မျောက်ကျောက်ရောဂါတို့သည် အရည်ကြည်ဖုပေါက်ခြင်းက တူသယောင်ထင်ရသော်လည်း ရေကျောက်ဖုများသည် ပေါက်သည်ကပေါက်၊ ပျောက်သည်ကပျောက်၊ ညှိုးသည်ကညှိုး အမျိုးမျိုးရှိကြသည်။ သို့သော် မျောက်ကျောက်အရည်ကြည်ဖုများက တစ်လုံးနှင့်တစ်လုံး မည်သည့်အချိန်ကြည့်ကြည့် အရွယ်တူ၊ ပုံစံတူများသာဖြစ်သည်။

ယင်းအဖုအကွက်များသည် ခန္ဓာကိုယ်ပေါ်တွင်ထွက်ခြင်းထက် မျက်နှာ၊ ခြေ၊ လက်တို့ပေါ်တွင် ပိုထွက်တတ်သည်။ နှိုင်းယှဉ်ကြည့်ရာ၌ ရောဂါကူးစက်ခံရသူများ၏ ၉၅ ရာခိုင်နှုန်းက မျက်နှာ၊ ၇၅ ရာခိုင်နှုန်းက လက်ဖဝါး၊ ခြေဖဝါး၊ ၇၀ ရာခိုင်နှုန်းက ပါးစပ် (ခံတွင်း)၊ ၃၀ ရာခိုင်နှုန်းက လိင်အင်္ဂါ၊ ၂၀ ရာခိုင်နှုန်းက မျက်စိပေါ်တွင် ပေါက်တတ်ကြောင်း သိရသည်။ ယင်းအရည်ကြည်ဖုသည် ဆက်လက်၍ အဝါရောင်အနစ်ပြည်ဖုများ ဖြစ်လာပြီးနောက် ခန္ဓာကိုယ်အနှံ့မှ အဖု၊ အရည်ကြည်ဖုများ ပေါင်းစပ်သွားပြီး ရောဂါပျောက်ခါနီးတွင် အရေပြားအနာဖေးများ အလွှာလိုက်ကွာကျသွားသည်။

မျောက်ကျောက်ရောဂါလက္ခဏာများ အနေဖြင့် ဖျားနာခြင်း ၆၂ ရာခိုင်နှုန်း၊ ပြန်ရည်ကျိတ်ရောင်ရမ်းခြင်း ၅၂ ရာခိုင်နှုန်း၊ ပင်ပန်းနွမ်းနယ်ခြင်း ၄၂ ရာခိုင်နှုန်း၊ ကြွက်သားများနာကျင်ခြင်း ၃၁ ရာခိုင်နှုန်း၊ ခေါင်းကိုက်ခြင်း ၂၇ ရာခိုင်နှုန်း၊ လည်ချောင်းနာခြင်း ၂၁ ရာခိုင်နှုန်း ဖြစ်ပေါ်ခံစားရတတ်ကြောင်း သိရသည်။ စအိုနှင့် စအိုဝရောင်ရမ်းမှုကိုလည်း ပျမ်းမျှ လူနာ ၇၅ ဦးလျှင် ၁၄ ရာခိုင်နှုန်းတွေ့ရကြောင်း လေ့လာသိရှိရသည်။ ရောဂါပျိုးရက်သည် ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ခံစားရနိုင်သည်။

အထူးသဖြင့် ရောဂါပိုးတွေ့ရှိရာ နိုင်ငံများမှ ပြီးခဲ့သည့် ၂၁ ရက်အတွင်း ပြန်လည်ဝင်ရောက်လာသူများတွင် တွေ့ရသောလက္ခဏာများမှာ လတ်တလောဖျားနာခြင်း (၃၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထက်ရှိသည်)၊ ချမ်းတုန်ခြင်း၊ အကျိတ်ထွက်ခြင်း၊ အကျိတ်များရောင်ရမ်းခြင်း၊ ပြန်ရည်ကျိတ်များကြီးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊ ခါးကိုက်ခြင်း၊ ခါးနာခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ နုံးခြင်းတို့ ဖြစ်ကြသည်။ ဖျားပြီးနောက် တစ်ရက်မှငါးရက်ခန့်အကြာ ခန္ဓာကိုယ်၌ အနီစက် သို့မဟုတ် အနီပျဉ်များဖြစ်ပေါ်ခြင်း၊ အရည်ဖုများ၊ ပြည်ဖုများ စသည်ဖြင့် အဆင့်ဆင့်ဖြစ်ပေါ်ပြီးနောက် အနာများဖြစ်ပေါ်ကာ နောက်ဆုံးတွင် အနာများပျောက်ကင်းသွားပြီး အမာရွတ်အနေဖြင့် ကျန်ခဲ့နိုင်သည်။ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (CDC) ၏ အဆိုအရ လူအများစုသည် Mpox (မျောက်ကျောက်) ရောဂါကူးစက်ခံရပြီးနောက် ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

ထို့ပြင် မျောက်ကျောက်ရောဂါလက္ခဏာများကို လိင်မှုတစ်ဆင့်ကူးစက်တတ်သည့်ရောဂါ (STDs) များ၏ ရောဂါလက္ခဏာများနှင့် မှားယွင်းတတ်ရာ မျောက်ကျောက်ရောဂါကို စစ်ဆေးဖော်ထုတ်ရန် တစ်ခါတစ်ရံ အလွန်ခက်ခဲကြောင်း CDC က ဆိုသည်။ ကူးစက်ခံရသူအများစုမှာ ရောဂါလက္ခဏာမပြင်းထန်တတ်သော်လည်း ကိုယ်ခံအားနည်းသူများတွင် ရောဂါပြင်းပြင်းထန်ထန်ခံစားရနိုင်သည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

မျောက်ကျောက်ရောဂါသည် တိရစ္ဆာန်မှ လူကိုကူးစက်ခြင်း၊ လိင်မှုတစ်ဆင့်ကူးစက်ခြင်း၊ အရေပြားမှတစ်ဆင့်ကူးစက်ခြင်းအပြင် ရောဂါရှိသူနှင့် အနီးကပ်စကားပြောခြင်း၊ အနီးကပ်နေထိုင်ခြင်း၊ အနီးကပ်အသက်ရှူခြင်း စသောအသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားနှင့် အရည်များမှတစ်ဆင့်လည်း ကူးစက်တတ်သည်။ **စာမျက်နှာ ၉ သို့** ■

## ၂၀၂၅ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# (၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက်ရောက်





**နေပြည်တော် ဩဂုတ် ၂၅**

ထိုင်းနိုင်ငံမှအိမ်ရှင်အဖြစ်ကျင်းပသည့်(၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးတက်ရောက်မည့်ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက ခေတ္တတည်းခိုသည့် ထိုင်းနိုင်ငံ ဘူရီယမ်မြို့ရှိ Modena ဟိုတယ်မှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှပညာရေးဝန်ကြီးများနှင့်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့်အတူ ဘူရီယမ်မြို့ရှိ Khao Phnom Rung ရှေးဟောင်းဒေသနှင့် Prasat Meaung Tam ရှေးဟောင်းဒေသသို့သွားရောက်လေ့လာပြီး ထိုင်းနိုင်ငံပညာရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

(၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Burriam United Stadium ၌ ကျင်းပရာ Burriam Province Gonernor နှင့်ထိုင်းနိုင်ငံပညာရေးဝန်ကြီး Police General Prempoon Chidchob တို့က အဖွင့်အမှာစကားများပြောကြားပြီး ထိုင်းရိုးရာယဉ်ကျေးမှုအကများဖြင့်ဖျော်ဖြေတင်ဆက်ကာ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တစ်ဦးချင်းစီ ကြိုဆိုမိတ်ဆက်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပရာ အိမ်ရှင်ထိုင်းနိုင်ငံပညာရေးဝန်ကြီး Police General Prempoon Chidchob က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များ၊ တီမောလက်စ်တေနိုင်ငံနှင့်မိတ်ဖက်အဖွဲ့အစည်းများမှကိုယ်စားလှယ်များတက်ရောက်ကြသည်။ ယင်းနောက် အစည်းအဝေးတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက (၁၈)ကြိမ်မြောက်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးအစီရင်ခံစာကိုလည်းကောင်း၊ ထိုင်းနိုင်ငံက (၁၉)ကြိမ်မြောက်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးအစီရင်ခံစာကိုလည်းကောင်းတင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ဒစ်ဂျစ်တယ်ခေတ်ပညာရေးအသွင်ကူးပြောင်းရေးဆိုင်ရာနှင့်စပ်လျဉ်း၍ တက်ရောက်လာသောနိုင်ငံများက နိုင်ငံအလိုက် အလှည့်ကျဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အနာဂတ်ပညာရေးကိုပုံဖော်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ၏စွမ်းအားကို အသုံးချရမည်ဖြစ်ကြောင်း၊ အစဉ်ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် လူတစ်ဦးတစ်ယောက်ချင်းစီ အောင်မြင်မှုများရရှိလာအောင် ဖြည့်စွမ်းပေးနိုင်သည့် တက်ကြွမှု၊ လူတိုင်းအကျုံးဝင်မှုနှင့် ထိရောက်သည့် သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများဖန်တီးပေးရေးသည် ကျွန်ုပ်တို့၏ မျှော်မှန်းချက်ဖြစ်ကြောင်း။

အမျိုးသားဒစ်ဂျစ်တယ်ပညာရေးမဟာဗျူဟာချမှတ်ရာတွင် ဆရာ၊ ဆရာမများ၊ မူဝါဒချမှတ်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများအားလုံးကို မြန်နှုန်းမြင့်အင်တာနက်လိုင်းများ၊ ဒစ်ဂျစ်တယ်စက်ပစ္စည်းများ ပံ့ပိုးပေးရမည်ဖြစ်သကဲ့သို့ အွန်လိုင်းပလက်ဖောင်းများလည်း တည်ထောင်ပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကိုပံ့ပိုးရာတွင် ဒစ်ဂျစ်တယ်စက်ပစ္စည်းကိရိယာများနှင့် အွန်လိုင်းရင်းမြစ်ပစ္စည်းများ ပံ့ပိုးသည့်အပြင် ယင်းပစ္စည်းများကို အသုံးပြုသောနောက်ဆုံးပေါ်နည်းပညာများ၊ သင်ကြားနည်းစနစ်များကို သိရှိနားလည်စေရန် ဆောင်ရွက်ပေးခြင်းများ ပါဝင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့်ကိုယ်စားလှယ်များနှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့က နိုင်ငံအလိုက်ဆွေးနွေးတင်ပြချက်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အစည်းအဝေးက ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင်ကူးပြောင်းရေးနှင့်စပ်လျဉ်းသည့် ပူးတွဲသဘောတူညီချက်တစ်ရပ်ကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။ ၂၀၂၆ ခုနှစ် (၁၄ ) ကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးများအစည်းအဝေးကို စင်ကာပူနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

■ **စာမျက်နှာ ၈ မှအဆက်**

ထို့ပြင် ရောဂါပိုးရှိသော တိရစ္ဆာန်မှသော်လည်းကောင်း၊ လူမှသော်လည်းကောင်း ကူးစက်နိုင်သည်။ တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်နိုင်ခြေကို လျှော့ချနိုင်ရန် တောရိုင်းတိရစ္ဆာန်များနှင့် အကာအကွယ်မပါဘဲ ထိတွေ့ခြင်းကို ရှောင်ကြဉ်ရမည်။ ရောဂါရှိသောလူ သို့မဟုတ် တိရစ္ဆာန်၏ပျက်စီးနေသောအရေပြား၊ အသက်ရှူလမ်းကြောင်း သို့မဟုတ် အကျိအချွဲအမြှေးပါးများ (မျက်လုံး၊ နှာခေါင်း၊ ပါးစပ်) မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ ကူးစက်ဝင်ရောက်နိုင်သည်။

ထို့ပြင် ရောဂါကူးစက်ဖြစ်ပွားနေသောလူ သို့မဟုတ် တိရစ္ဆာန်နှင့် အနီးကပ်ထိတွေ့ခြင်း၊ တိရစ္ဆာန်ကိုက်ခံရခြင်း သို့မဟုတ် ခြစ်မိခြင်း၊ ရောဂါဖြစ်နေသောသူ၏အနာများကို ထိတွေ့ကိုင်တွယ်မိခြင်း၊ ခန္ဓာကိုယ်မှထွက်သောအရည် (တံတွေး၊ နှာရည်၊ သွေး၊ ချွေး၊ ဆီးနှင့်လိင်အင်္ဂါထွက်သောအရည်)၊ အရေပြားပေါ်တွင် အနီအဖုအပိမ့်ထွက်သူများ အသုံးပြုခဲ့သောအဝတ်အထည်၊ အိပ်ရာ၊ စောင် စသည့်အသုံးအဆောင်များမှတစ်ဆင့်လည်း ကူးစက်နိုင်သည်။

### ကာကွယ်နိုင်မည့် နည်းလမ်းများ

မျောက်ကျောက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းမှုက အထူးအရေးကြီးသည်။ ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ နေထိုင်သူများအတွက် မျောက်ကျောက်ရောဂါကိုကာကွယ်ရန် မခဲယဉ်းလှပေ။ မျောက်ကျောက်ရောဂါလက္ခဏာခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ။ လက်ကို ဆပ်ပြာ သို့မဟုတ် လက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ။ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ပါ။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေပါ။ နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ။ အသားစိမ်းများကို ကျက်အောင်ချက်ပြုတ်စားပါ။ တောရိုင်းတိရစ္ဆာန်များကို အကာအကွယ်မပါဘဲ ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ။ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုရ။ အများသုံးသန့်စင်ခန်း၊ တံခါးလက်ကိုင်၊ လှေကားအတက်အဆင်းလက်ရန်းများ၊ ဘတ်စကားထိုင်ခုံ စသည့် ထိတွေ့မှုများကို အထူးဂရုစိုက်သင့်ပြီး အိမ်ပြန်ရောက်ရောက်ချင်း ရေချိုးသန့်စင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန်စေရန် ဆောင်ရွက်ပါ။

ရေကျောက် (Chicken pox) နှင့် ကျောက်ကြီးရောဂါ (Small pox) များ ဖြစ်ပွားစေသောပိုးနှင့် မျောက်ကျောက်ရောဂါကိုဖြစ်ပွားစေသော ပိုးတို့ကြားသွင်ပြင်လက္ခဏာနှင့် ဖွဲ့စည်းပုံတူညီသဖြင့် ရေကျောက်ရောဂါ၊ ကျောက်ကြီးရောဂါကာကွယ်ဆေးထိုးနှံပြီးနောက် မျောက်ကျောက်ရောဂါဗိုင်းရပ်စ်ကို ၈၅ ရာခိုင်နှုန်း ကာကွယ်နိုင်သည်။ နိုင်ငံအများစု၌ ကျန်းမာရေးဝန်ထမ်းများကို ရောဂါပိုးရှိသူနှင့်မထိတွေ့မီ သို့မဟုတ် ထိတွေ့ပြီးနောက် ကျောက်ကြီးရောဂါကာကွယ်ဆေး (Small Pox) ကို ထိုးနှံထားကြရန် အကြံပြုထားသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်နိုင်ငံတချို့၌ အများပြည်သူတို့လည်း ကာကွယ်ဆေးကို ထိုးနှံနေကြကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုသော် မိမိတို့နိုင်ငံရှိ ကျန်းမာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ်စောင့်ကြည့်နေကာ နိုင်ငံအတွင်းရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်ကိုလည်း ၂၀၂၂ ခုနှစ် ပထမအကြိမ်ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် ဆောင်ရွက်နေခြင်းမှာ အားရဖွယ်ဖြစ်သည်။ မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်း၊ လေကြောင်းလိုင်းများနှင့် နယ်စပ်ဝင်ထွက်ပေါက်များမှတစ်ဆင့် နိုင်ငံတွင်းသို့ဝင်ရောက်လာသူများ ဖြည့်စွက်ရမည့် ကျန်းမာရေးမှတ်တမ်းကတ် (Health De–claration Card) တွင် မျောက်ကျောက်ရောဂါနှင့်ပတ်သက်သောအချက်အလက်များ ဖြည့်စွက်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်ပမှပြန်လာသူများနှင့် နိုင်ငံခြားခရီးသွားများ လေဆိပ်သို့ရောက်ရှိချိန်တွင် ကိုဗစ်-၁၉ ရောဂါအတွက် RDT စစ်ဆေးချိန်၌ မျောက်ကျောက်ရောဂါလက္ခဏာများ စစ်ဆေးခြင်းကိုပါ ကျန်းမာရေးဝန်ထမ်းများက တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့်လည်း မျောက်ကျောက်ရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို အလေးထားလိုက်နာ၍ သတိပြုရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲကျင်းပ



မြောင်းမြ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင် ရေးပွဲတော် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်လ ၂၄ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် သူနာပြုသင်တန်း ကျောင်းမှ ကျောင်းသူများက "မင်္ဂလာပါ" သီချင်းဖြင့်ကပြဖျော်ဖြေပြီး စာပေပြိုင်ပွဲ များတွင်ဆုရရှိသောကျောင်းသား၊ကျောင်းသူ များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ် ကြသည်။

ဆက်လက်၍စာပေဟောပြောပွဲကျင်းပ ရာ စာရေးဆရာ အက္ခရာ (မြောင်းမြ)က "ရွေး ချယ်ဆုံးဖြတ်သင့်အနာဂတ်"နှင့်စာရေးဆရာ လရောင်လင်း (မြန်မာ့ဂုဏ်ရည်)က " ဘဝနှင့် ပညာ"ခေါင်းစဉ်များဖြင့် ဟောပြောသည်။

ယင်းနောက် မြောင်းမြခရိုင်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်း သား၊ ကျောင်းသူများက တေးသရုပ်ဖော် အက ၊ အလှပဒေသာများဖြင့် ကပြဖျော်ဖြေ ကြသည်။

အဆိုပါစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက် ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ မြောင်းမြခရိုင်အတွင်းရှိအခြေခံပညာကျောင်း များမှကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင် စွာပါဝင်ဆင်နွှဲကြသည်။ **ခရိုင် (ပြန်/ဆက်)**

## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊မွေးမြူရေး အထက်တန်းကျောင်း(စကု)ဖွင့်လှစ်သင်ကြားနေမှုကြည့်ရှုစစ်ဆေး

မင်းဘူး ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(စကု)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက် ရောက်ပညာသင်ကြားနေမှုကို တာဝန်ရှိသူ များက ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်းနှင့်တာဝန် ရှိသူများသည် စကုမြို့အခြေခံပညာအထက် တန်းကျောင်းနှင့် တွဲဖက်ဖွင့်လှစ်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (စကု)သို့ရောက်ရှိပြီး အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့်ဘာသာရပ်အလိုက် သင်ကြားရေး ဆရာ၊ ဆရာမများ၊ ကျောင်း သား၊ကျောင်းသူများနှင့်တွေ့ဆုံစဉ်ညွှန်ကြား ရေးမှူးချုပ်က အခြေခံ စိုက်ပျိုး၊ မွေးမြူရေး ပညာဘာသာရပ်များ၏အရေးပါမှု အနာဂတ် ပညာရေးနှင့်ပတ်သက်၍ ဆက်လက်ပညာ သင်ကြားခွင့်၊ ကျောင်းတက်ရောက်ပြီးစီးပါက ရရှိနိုင်သည့်အလုပ်အကိုင်နှင့် အခွင့်အလမ်း များကို အသေးစိတ်ရှင်းလင်းပြောကြား ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး အထူးပြု ဘာသာရပ် ကျောင်းသား၊ ကျောင်းသူ ၆၈ ဦးတို့အတွက် ကျောင်းသုံးစာရေးကိရိယာ ဗလာစာအုပ်နှင့် ဘောပင်များကို ထောက်ပံ့ လှူဒါန်းပေးအပ်သည်။

**မောင်မောင်(မင်းဘူး)**

## ကျွဲကောသီးပင်များ အောင်မြင်ဖြစ်ထွန်း


ကလိန်အောင် ဩဂုတ် ၂၅

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင် မြို့၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင် လျက်ရှိပြီ စားသုံးကုန်အသီးအနှံပင်ဖြစ်သည့် ကျွဲကောသီးပင် ဒေသအခေါ် ခေတ်ကျွဲကော သီးပင်များစိုက်ပျိုးထားရာသဘာဝရာသီဥတု နှင့်ရေခံမြေခံအခြေအနေအရ အောင်မြင်ဖြစ် ထွန်းလျက်ရှိပြီး ဒေသခံပြည်သူများ၏ဥယျာဉ် ခြံမြေများတွင် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုး ရာမှ အပိုဝင်ငွေများရရှိလျက်ရှိကြောင်းသိရ သည်။

အဆိုပါကျွဲကောပင် ဒေသအခေါ် ခေတ် ကျွဲကော်ပင်ကို အကိုင်းဆက်ပျိုးပင်တစ်ပင် လျှင် ငွေကျပ် ၆၅၀၀ ခန့် ဈေးနှုန်းဖြင့် သီးနှံ ပင်ပျိုးထောင်ရောင်းချသူများထံမှ ဝယ်ယူ ၍ ပြန်လည်စိုက်ပျိုးခြင်း၊ မြေဩဇာများ ထည့်သွင်းခြင်း နွေရာသီတွင် ရေသွင်း၍ စနစ်တကျပြုစုပျိုးထောင်စိုက်ပျိုးခြင်းဖြင့် သုံးနှစ်ခန့်အကြာတွင်အပွင့်အသီးစတင်ထွက် ရှိသည်။

ကျွဲကောပင်၏စိုက်ပျိုးသက်တမ်းလေးငါး ခြောက်နှစ်ခန့်အကြာတွင်ကျွဲကောပင်မှအသီး အပွင့်များ ကောင်းမွန်စွာ လှိုင်လှိုင်သီး၍ အသီးရင့်မှည့်ချိန်တွင် ခူးဆွတ်ရောင်းချရာ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၄၁၂)




## ဝါခေါင်အလှ စာစီသ

❖ သဒ္ဓါမချို့ပါဘု
မြန်မာတို့ရဲ့ စေတနာ။
မြတ်သံဃာ အစဉ်အောက်မေ့
ဝေလေ့ရိုးရာ။
အကြောင်းပြု ပေါင်းစုကာ
ကောင်းမှုဖြာ အစဉ်အမြဲ။
သိဟ်ရာသီ အခါပေးတဲ့
စာရေးတံမဲ။

❖ ဗျိုင်းတာရာ အတူတွဲ
တစ်မူကဲတဲ့ သဒ္ဓါတရားပေ။
လူနတ်တွေ မေတ္တာကူး
ကြည်နူးလို့နေ။
တခမ်းတနားရယ်ဖြင့်
အဆန်းအပြား ဖူးပွင့်ဝေ
ခတ္တာပန်းတွေ လှိုင်လှိုင်ထ။
မိုးဖြိုင်ဖြိုင် ပက်ကာဖျန်းတော့
တင့်ဆန်းပေစွ။

❖ ရှုတိုင်းယဉ် ဝါခေါင်လ
ရာထောင်အလှ များပြားမကုန်။
တောတောင်ရေ လျှိုစိမ့်စမ်းနှင့်
လျှမ်းပတစ်ဖုံ။
ထူးမြတ်သည့် ဝါခေါင်ဂုဏ်
မေတ္တာခြုံ ပြည်သူအပေါင်း။
အနုဆင်းဖြာ
ရှုခင်းသာ လယ်ကွင်းအထက်မှာဖြင့်။
ကျေးငှက်ခသြောင်း။ ။

**စျာန်လေး(ပညာရေး)**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၆-၈-၂၀၂၄(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

☆ **စာမျက်နှာ ၁၅ မှအဆက်**

တည်ထားကိုးကွယ်တော်မူသော မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ဘုရားကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ပြီး ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ပဉ္စမသင်္ဂါယနာတင်၊ ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသော မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားအား ဖူးမြော်ကြည်ညိုစဉ်။

## မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မကြီး

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မကြီးသို့ ရောက်ရှိကြပြီး ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တထုတိဝရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မကြီး ဦးစီးပဓာနနာယက ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဓမ္မဒါနအဖြစ် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် သက်တမ်း ၁၆၂ နှစ်ကျော်သက်တမ်းရှိ ကျွန်းကျောင်းတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ပဉ္စမသင်္ဂါယနာတင်၊ ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသော မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားတွင် လှည့်လည်ကြည့်ရှုစဉ်။





ရွှေနန်းတော်ကျောင်း(ရွှေကျောင်း) ကို တွေ့ရစဉ်။

ထို့နောက် ကျွန်းကျောင်းတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိမှုများနှင့် ကျွန်းကျောင်းတော်ကြီးအတွင်းရှိ ရွှေကျောင်သာသနာပိုင်ဆရာတော်ကြီးများ၏ ပုံတူရုပ်တုတော်များကို ဖူးမြော်ကြည့်ရှုပြီး ဓာတ်ပုံပြခန်းအား ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျောင်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## မြနန်းစံကျော် ရွှေနန်းတော်ကြီး


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့နှင့် တာဝန်ရှိသူများက ရွှေနန်းတော်ကြီးနှင့် အဆောင်တော်များ ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် **စာမျက်နှာ ၁၂ သို့** ☆



မဟာဓမ္မိကာရာမရွှေကျောင်တိုက်မကြီး ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တထုတိဝရက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဓမ္မဒါနအဖြစ် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျွန်းကျောင်းတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျွန်းကျောင်းတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



မြနန်းစံကျော်ရွှေနန်းတော်ကြီး၌ နန်းတွင်းအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားမှုကိုတွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

✭ စာမျက်နှာ ၁၁ မှအဆက်

၂၀၂၃ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြနန်းစံကျော်ရွှေနန်းတော်ကြီး သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသမှုများကိုကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အားလုံးအတွက် ကျောင်းကျန်းမာရေး

မြတ်မင်းဦး
(ကာယ၊ ကျောင်းကျန်းမာ)

ယနေ့ကမ္ဘာသည် ပညာခေတ်ဖြစ်သည်။ မြန်မာနိုင်ငံသည် **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုတည်ဆောက်ရန်"** မျှော်မှန်းချက်ထားရှိသည့်အတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကို တည်ဆောက်ရန် ပညာရေးကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်နေသည်။ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ပညာရေး၏ အခြေခံအုတ်မြစ်ဖြစ်သော အခြေခံပညာကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ အခြေခံပညာကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆရာ၊ ဆရာမများ အရည်အချင်းပြည့်ဝစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ပြည့်ဝစေရန်အတွက် အခြေခံကျန်းမာရေးကောင်းမွန်ရန် လိုအပ်သည်။

အခြေခံကျန်းမာရေးကောင်းမွန်စေရန်နှင့်ကျန်းမာရေးအမူအကျင့်ကောင်းများ အစပြုရန် စာသင်ကျောင်းများမှ ကျန်းမာရေးနှင့်ညီညွတ်သော အပြုအမူပုံစံအမျိုးမျိုးကိုစတင်နိုင်ပြီး ထိုအပြုအမူများသည် ကလေးဘဝတွင် ပုံမှန်ပုံစံဖြစ်လာပါက ကျောင်းသည် ကျောင်းသားများအတွက် ရနိုင်သောအခွင့်အလမ်းများကို အာရုံစိုက်နိုင်သည့်နေရာဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ စားသုံးခြင်းအလေ့အကျင့်များသည် ကျောင်းနေကလေးများ၏ အနာဂတ်ကျန်းမာရေးကိုသက်ရောက်စေနိုင်သည်။ ကလေးတွေ ကျန်းမာစွာသင်ယူဖို့ ပညာတတ်ဖို့လိုအပ်သည်။ ကျောင်းများသည် ကလေးများ၏ကျန်းမာရေးကိုကာကွယ်ရန် လိုအပ်သော အသိပညာ၊ စိတ်နေသဘောထားနှင့်အရည်အချင်းများ ဖြည့်ဆည်းပေးရာတွင်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ကလေးငယ်များကျန်းမာစွာသင်ယူနိုင်စေရေးသည် ထိရောက်သော ပညာရေးစနစ်၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ယနေ့ကမ္ဘာပေါ်ရှိ ဆယ်ကျော်သက်အရွယ် ၁ ဒသမ ၂ ဘီလီယံသည် ကမ္ဘာ့လူဦးရေ၏ခြောက်ပုံတစ်ပုံ (၁၈ ရာခိုင်နှုန်း) ကျော်ကို ကိုယ်စားပြုသည်။ တစ်ကမ္ဘာလုံးတွင် အလယ်တန်းကျောင်းနေအရွယ်ကလေးများ၏ (၈၀ ရာခိုင်နှုန်း) ကျော်သည် ကျောင်းတွင် ၎င်းတို့အချိန်၏ သုံးပုံတစ်ပုံကိုကုန်ဆုံးလေ့ရှိသည်။ တစ်သက်တာတွင် ကျောင်းစာသင်နှစ်များသည် ကျန်းမာရေးမြှင့်တင်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ကူးစက်ရောဂါများ၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ၊ အာဟာရချို့ယွင်းမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် စိတ်ပိုင်းဆိုင်ရာအနှောင့်အယှက်များသည် ကျောင်းနေကလေးများတွင် ကြုံတွေ့ရလေ့ရှိသော ကျန်းမာရေးပြဿနာများဖြစ်သည်။



အမူအကျင့်များသည် ဘဝအစငယ်ရွယ်စဉ်ကတည်းကဖြစ်ပေါ်လာပြီး ၎င်းအမူအကျင့်ကိုပြောင်းလဲနိုင်ရန် ခက်ခဲတတ်သည့်အပြင်ဘဝတစ်သက်တာလုံးအတွက် အကျိုးသက်ရောက်မှု ရှိစေနိုင်သည်။ ကျောင်းသားအရွယ်သည် ၎င်းတို့၏ ကျန်းမာရေးနှင့် အလုံးစုံဖွံ့ဖြိုးရေးကို အားပေးနိုင်သည့် အခွင့်အလမ်းများရှိသကဲ့သို့ ယိုယွင်းစေနိုင်သည့်အခွင့်အလမ်းများလည်းများစွာရှိနေနိုင်သည့် အသက်အရွယ်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသားအရွယ်ကတည်းက ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးသည်။ ကျောင်းများသည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမည့်အလေ့အကျင့်ကောင်းများ၊ လူမှုရေးစံချိန်စံညွှန်းများ (Social norms) ကို ပြုစုပျိုးထောင်ပေးနိုင်သည့် အကောင်းဆုံးနေရာများဖြစ်သည်။

ကျောင်းများတွင် ကျန်းမာရေးအသိပညာတိုးပွားရေးနှင့်ကျောင်းသားလူငယ်များရဲ့ ကြီးထွားဖွံ့ဖြိုးမှုအတွက် မူကြိုနှင့် မူလတန်းကျောင်းများတွင်အစာအာဟာရမျှတစွာ စားသုံးတတ်လာစေရေးအတွက် အာဟာရပညာပေးရန်၊ ကျောင်းဈေးသည်များနှင့် ကျောင်းဈေးဆိုင်များအား စနစ်တကျစစ်ဆေးပြီး အန္တရာယ်ကင်းတဲ့ အစားအသောက်များရောင်းချရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်လိုအပ်သည်။

**"အမျိုးသားယဉ်ကျေးမှုအစ စာသင်ကျောင်းက"** ဟု ဆိုကြသလို **"အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက"** ဟု ပွဲတင်လိုက်ချင်သည်။ ငယ်စဉ်ကာလကတည်းက ကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုပုံစံများကို လေ့ကျင့်သင်ကြားပေးရာတွင် စာသင်ကျောင်းများ၏အခန်းကဏ္ဍသည် အလွန်အရေးပါသည်ကို နိုင်ငံတကာသုတေသနလေ့လာချက်များက ဖော်ပြထားသည်။ ကျောင်းများကိုအခြေပြုသော ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများသည် ငွေကုန်သလောက် ရေတို၊ ရေရှည်တွင် အကျိုးများသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသင့်သည်။

မြန်မာနိုင်ငံ ကျောင်းသားလူငယ်တစ်ရပ်လုံးတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ (Healthy Life Styles) သိရှိကျင့်သုံးစွဲမြဲစေရန်နှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်ရည်ရွယ်ပြီး ကျန်းမာရေးမြှင့်တင်ကျောင်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများတွင် ဩဂုတ်လအတွင်း၌ "ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု" များ ကျင်းပဆောင်ရွက်ပြီး အများအားဖြင့် ကျောင်းကျန်းမာရေးတွင် –

- ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများအန္တရာယ်ကင်းဝေးရေး လုပ်ငန်း၊
- သန်ချဆေးတိုက်ကျွေးခြင်းလုပ်ငန်း၊
- အိုင်အိုဒင်းဆား စားသုံးမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊
- ဗီတာမင်–အေ တိုက်ကျွေးခြင်း (သံဓာတ်ဆေးပြားတိုက်ကျွေးခြင်း)၊ အာဟာရပညာပေးခြင်းနှင့်
- သွားနှင့်ခံတွင်း ကျန်းမာရေးတို့ ပါဝင်သည်။

ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းရေးအပြင် ကျောင်းတွင်းအာဟာရကို စနစ်တကျအကောင်အထည်ဖော်ခြင်းသည် ကျောင်းသားလူငယ်များတွင် အစားအသောက်ဓလေ့ကောင်းများဖြစ်ထွန်းစေရုံသာမက ကျန်းမာရေး၌လည်း အာမခံချက်ရှိပြီး များစွာအထောက်အကူဖြစ်စေနိုင်သည်။

ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းသင်ခန်းစာများ သင်ယူလေ့လာရာတွင် သန့်ရှင်းတဲ့ပတ်ဝန်းကျင်၊ ကျန်းမာတဲ့ကိုယ်ကာယနဲ့ ကြံ့ခိုင်တဲ့စိတ်ဓာတ်ရှိမှ တင်းပြည့်ကျပ်ပြည့် အကျိုးကျေးဇူးရှိအောင်သင်ယူနိုင်မည်ဖြစ်သည်။ ကျောင်းများရှိ မုန့်ဈေးတန်းစားသောက်ဆိုင်များတွင် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရဓာတ်ပြည့်ဝသော အစားအသောက်များ ရောင်းချခြင်းမရှိနိုင်သည်ကို တွေ့ရှိရသည်။

ကျောင်းမုန့်ဈေးတန်းများအတွင်း FDA ထောက်ခံချက်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှု အာမခံချက်မရှိသော ပြည်ပက ဝင်ရောက်လာသောမုန့်များ မရောင်းချစေရေး အဓိကထားတားမြစ်ရမည်ဖြစ်သည်။ ပြည်ပကဝင်ရောက်လာသော မုန့်ပဲသရေစာများသည် မည်သည့်ကုန်ကြမ်းပစ္စည်းများကို အခြေခံထုတ်လုပ်ထားမှန်းမသိရှိရသည့်အပြင် ထုတ်လုပ်သည့်ရက်နှင့် ကုန်ဆုံးရက်မပါရှိပေ။ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတုဆိုးဆေးများ၊ ဆေးသကြားများနှင့် တာရှည်အထားခံအောင် စီမံထားရှိခြင်းတို့သည် အာဟာရတန်ဖိုးမရှိနိုင်သလို ရောဂါများအချိန်မရွေးပေးစေနိုင်သည်။ အထူးသဖြင့် နှစ်လွန်အေးခဲအသားများနှင့်စီမံထားသော အကင်ချောင်း၊ ရေညှိနှင့် ဝက်သားချောင်းတို့သည် ထုတ်လုပ်ရက်စွဲမသိရှိနိုင်သလို မည်သည့်အသားက ထုတ်လုပ်ထားကြောင်းကိုလည်း သေချာမသိနိုင်ပါ။ အဆိုပါအစားအစာများသည်သန်ကောင်နှင့် အခြားအစာအဆိပ်သင့်စေသည့်ပစ္စည်းများ ကင်းရှင်းသော အစားအစာဖြစ်ကြောင်းကိုလည်းထောက်ခံထားမှုမရှိသော အစားအသောက်များဖြစ်သည်။

ကလေးများသည် ရေဆာချိန်တွင် ရေကိုပဲသောက်သုံးသင့်သည်။ ဆိုးဆေးအနံ့နှင့် ဆေးသကြားများပါဝင်သော အချိုရည်ဘူးများကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူနှစ်ဦးတွင် တစ်ဦးမှာ ကာဗွန်ပါသော အချိုရည်များကို တစ်နေ့လျှင် တစ်ကြိမ်ထက် ပိုသောက်သုံးကြောင်း တွေ့ရှိရသည်။ ကျောင်းသား၊ ကျောင်းသူများ၏ ၄၆ ရာခိုင်နှုန်းမှာ ကျန်းမာရေးနှင့်မညီညွတ်သော အာဟာရတန်ဖိုးနည်း အသင့်စားအစားအစာများကို တစ်ပတ်လျှင် နှစ်ရက်ထက် ပိုစားသုံးကြောင်းတွေ့ရှိရသည်။ (နောက်ဆက်တွဲ ဆိုးကျိုးများမှာ – အဝလွန်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးနှင့် သွေးကြောရောဂါ၊ ကင်ဆာရောဂါ၊ အသည်းရောဂါနှင့် အခြား ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်သည်။)

အာဟာရဓာတ် လိုအပ်ချက်သည် လှုပ်ရှားပြေးလွှားဆော့ကစားတတ်သည့် ကျောင်းသား၊ ကျောင်းသူအရွယ်များတွင် သာမန်ထက် ပိုမိုလိုအပ်သည်။ ကျောင်းသား၊ ကျောင်းသူများသည် ကြီးထွားဆဲအရွယ်ဖြစ်သည့်အားလျော်စွာ အသစ်အသစ်တည်ဆောက်နေသော သွေးသားသစ်များအတွက် အသားဓာတ်လိုအပ်သည်။

ကျောင်းသားအရွယ် ကလေးငယ်များသည် ငယ်ရွယ်နုနယ်သောအရွယ်ဖြစ်ပြီး ရောဂါများ ကပ်ငြိလွယ်သည်။ ကူးစက်တတ်သောရောဂါများ စုဝေးနေနိုင်သည့် အုပ်စုဖြစ်သည့်အတွက် ကလေးများသည် ရောဂါအလွယ်တကူ ပျံ့နှံ့ကူးစက်လွယ်စေဖို့ အခွင့်အလမ်းများ များစွာရှိနေသည်။ အထူးသဖြင့်ကူးစက်တတ်သော ရောဂါများအတွက် ကျောင်းကျန်းမာရေးစစ်ဆေးပေးရန် လိုအပ်သည်။ အသက်အငယ်ဆုံး မူလတန်း၊ KG တန်းကစလို့ အလယ်တန်း၊ အထက်တန်းကလေးများကိုပါ ရောဂါစနစ်တကျစမ်းသပ်ပြီး စောစောစီးစီးကုသမှုခံယူစေရန် ဆောင်ရွက်ပေးဖို့ လိုအပ်သည်။

ကျောင်းသားအရွယ်များတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ရောဂါများမှာ–

(၁) သွားနှင့် ခံတွင်းရောဂါ၊
(၂) အာဟာရချို့တဲ့ရောဂါ၊
(က) ဗီတာမင်ချို့တဲ့ရောဂါ၊
(ခ) သွေးအားနည်းရောဂါ၊
(ဂ) အာဟာရဓာတ်ချို့တဲ့ရောဂါ၊
(၃) အူနေကပ်ပါးရောဂါ၊ သန်လုံးကောင်၊ သန်ချိတ်ကောင်၊ တုတ်ကောင်၊
(၄) အသက်ရှူလမ်းကြောင်းရှိ ရောဂါများ (ဥပမာ– ပသိရောင်၊ လည်ချောင်းရောင်ရောဂါများ)
(၅) အရေပြားမှာဖြစ်ပေါ်တတ်သော ရောဂါအမျိုးမျိုး၊
(၆) ရာသီနာရောဂါအမျိုးမျိုး၊ တုပ်ကွေး၊ ဝက်သက်၊ ရေကျောက်ရောဂါများနှင့်
(၇) မွေးရာပါရောဂါ၊ နှလုံးရောဂါ၊ အာခေါင်ကွဲခြင်း၊ ခြေလက်အင်္ဂါအသားပိုပါရှိခြင်း၊ ခြေလက်သိမ်လှီခြင်း၊ စံချိန်မမီသောကလေးများဖြစ်ခြင်း (Handicapped –Children) စသည်တို့ ဖြစ်ကြသည်။

ကျောင်းကျန်းမာရေးဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ကောင်းမွန်သောအခြေအနေကိုရည်ညွှန်းသည်။ **စာမျက်နှာ ၁၄ သို့** ■

■ **စာမျက်နှာ ၁၃ မှအဆက်**

ကျောင်းအသိုင်းအဝိုင်းတွင် ရောဂါဘယမရှိခြင်းထက်ကျော်လွန်၍ ၎င်းသည် သင်ယူသူများနှင့် ကျောင်းဝန်ထမ်းများ၏ အကောင်းဆုံး လုပ်ဆောင်နိုင်မှုအခြေအနေကို ရည်ညွှန်းသည်။

ဆရာ၊ ဆရာမများသည် ဘက်စုံပညာရေးကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် နီးနီးကပ်ကပ်ထိတွေ့မှု အရှိဆုံးဖြစ်ရာ နိုင်ငံတော်ကမျှော်မှန်းသော ပန်းတိုင်သို့ရောက်ရှိစေရန် ဖန်တီးအပေးနိုင်ဆုံး ဗိသုကာပညာရှင်များဖြစ်သည်နှင့်အညီ မိမိတို့၏ဘာသာရပ်များကို သင်ကြားပေးရုံသာမက ကျန်းမာသန်စွမ်းသောလူငယ်များဖြစ်လာစေရန်လည်း တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောင်းကျန်းမာရေးစစ်ဆေးမှုများသည် အခြေခံပညာကျောင်းများသို့ ပညာသင်နှစ် တစ်နှစ်လျှင် တစ်ကြိမ်သို့မဟုတ် နှစ်ကြိမ်သာ ဝင်ရောက်စစ်ဆေးနိုင်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ အချိန်မရွေးဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးချို့ယွင်းချက်များကို တွေ့ရှိနိုင်မည်မဟုတ်ပေ။ ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများနှင့် နေ့စဉ်ထိတွေ့မှု ရှိနေသူများဖြစ်၍ ကျောင်းသားလူငယ်များ၏ ကျန်းမာရေးချို့ယွင်းချက်လက္ခဏာများကို သတိပြုသိရှိနိုင်သည်။

ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအခြေအနေအရပ်ရပ်ကို ဆရာ၊ ဆရာမများကိုယ်တိုင်အကဲခတ်ပြီး ကျောင်းသားလူငယ်များတွင်ဖြစ်ပေါ်နေသော ကိုယ်ကာယမကျန်းမာမှုနှင့် စိတ်ကျန်းမာရေးချို့ယွင်းမှုအပါအဝင် ကျန်းမာရေးချို့ယွင်းချက်များကို ကျောင်းကျန်းမာရေးအဖွဲ့များဖြင့် ချိတ်ဆက်ဆောင်ရွက်၍ စောစီးစွာကုသပေးနိုင်ခြင်းသည် နောက်ဆက်တွဲ ဆိုးကျိုးများကို ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့အတွက်ကြောင့် ဆရာ၊ ဆရာမများသည် ကလေးများအား အမြဲတစေ လေ့လာအကဲခတ်နေရမည့်အပြင် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိကိုရှိရမည်ဖြစ်သည်။

ပညာရေးရည်မှန်းချက်တစ်ခုဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင်များအနက် ရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်သော “ကျန်းမာရေးနှင့်ညီညွတ်သည့် အပြုအမူ၊ ဘဝနေထိုင်မှုပုံစံများ သိရှိကျင့်သုံးစွဲမြဲသွားစေမည့် ပညာရေးကိုအကောင်အထည်ဖော်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် အသိပညာဗဟုသုတနှင့် တတ်ကျွမ်းမှုများရရှိစေရန်” အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့်ကျောင်းကျန်းမာရေးလုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်နေပြီဖြစ်သည်။

ယနေ့ကျောင်းသားလူငယ်များသည် ပစ္စုပ္ပန်ကာလတွင်သာမက နောင်အနာဂတ်ကာလတွင်ပါ နိုင်ငံတော်အတွက်အရေးပါသော အင်အားတစ်ရပ်ဖြစ်သည့်အပြင် ကျောင်းသားလူငယ်များသည် တိုင်းပြည်ရှိလူဦးရေတစ်ရပ်လုံးအနက် အချက်အချာအကျဆုံးနှင့်အရေးအကြီးဆုံး အုပ်စုလည်းဖြစ်သည်။ ယင်းကျောင်းသားလူငယ်များအား နိုင်ငံတော်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းရတနာများဖြစ်လာကြစေရန်အတွက် ကျန်းမာကြံ့ခိုင်ရေးသည်အလွန်အရေးကြီးလှသည်။

**“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်း”** ဟု ဆိုသကဲ့သို့ **“အမျိုးသားကျန်းမာရေးအစသည်လည်း စာသင်ကျောင်း”** ဟု ခေါ်ဆိုနိုင်ရန် **“အားလုံးအတွက် ကျောင်းကျန်းမာရေး”** ကို မြန်မာနိုင်ငံတစ်နံတစ်လျားရှိ အခြေခံပညာကျောင်းများတွင် အကြားအလပ်မကျန် အားလုံးပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြဖို့ အချိန်သင့်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## မြန်မာဗျည်းအက္ခရာများ

**(ယမန်နေ့မှအဆက်)**



**ဌ / ထဝ့်ဝင်ဗဲ /**

ဌ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်နှစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဌဝမ်းဘဲဟု ခေါ်သည်။ ယခုအခါ ဌ အက္ခရာပုံသည် ဝမ်းဘဲသတ္တဝါနှင့် မတူလှသော်လည်း ပုဂံခေတ်၊ ပင်းယခေတ်စသောရှေးကျောက်စာများတွင်ဌဝမ်းဘဲအက္ခရာသည် ဝမ်းဘဲကလေးနှင့်အတော်တူသည်။ ထို့ကြောင့် ဌဝမ်းဘဲဟု အန္တတ္ထအမည်မှည့်ခေါ်ခဲ့ကြခြင်းဖြစ်မည်။ ဋ္ဌဝဂ်ဗျည်းငါးလုံးတွင် ဒုတိယဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ဋ္ဌဝဂ်၏ ဒုတိယက္ခရာဟု ခေါ်သည်။ သံနဲ့သံတင်းဗျည်းဖြစ်သည်။ လျှာထိပ်ဌာန် (မုဒ္ဓဌာန်)တွင် ဖြစ်သည်။ မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ ပါဠိဘာသာ၊ သက္ကတဘာသာ စသည်တို့ကို မွေးစားသည့် မွေးစားဝေါဟာရများအတွက် အသုံးပြုရသည်။ ဌဝမ်းဘဲဟူသောအမည်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဌဝမ်းဘဲအက္ခရာ၏သင်္ကေတကား သံယုဂ်ဖြစ်ခါ ဋ္ဌသန်လျင်းချိတ်အက္ခရာကဲ့သို့ ဏကြီး၏အောက်၌တည်သော်လည်း အသွင်မဖောက်သင့်။ ထိုသို့လျက်ကို အချို့သော သူတို့သည် ဏကြီးကို ဟဆွဲ၏သို့ ရေးသည်ကားမသင့်နိုး။ ဌဝမ်းဘဲ၏ အရိပ်အသွင်မျှ ဦးခေါင်းထင်စေသင့်သည်။ သန်လျင်းချိတ်၏ အောက်၌ဆွဲ၍ ဒွေးဘော်ဖြစ်ရာ၌ကား ဆိုခဲ့ပြီးသောအတိုင်း ဌဝမ်းဘဲ၏ အမြီးအခွေမျှ ရေးသော်လည်း သင့်သည်ပင် ဖြစ်၏။ အချို့သော သူတို့သည် ထိပ်အပြင်၌ အတန်ငယ် နိမ့်ညွတ်၍ ရေးသည်ကား သဘောထုံးစံမထင်။ အလေ့မျှသာ ဖြစ်အံ့သည်။ ဌဝမ်းဘဲဟူသည်နှင့်လျော်စွာ ဝမ်းဘဲသဏ္ဌာန်သဘောရှိလျှင် သင့်တော့သည်” ဟူ၍ ရှင်းပြထားပါသည်။

**ဌဝမ်းဘဲ**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ဍ / ဒ့ါယင်ဂေါက် /**

ဍ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်သုံးလုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဍရင်ကောက် ဟုခေါ်သည်။ ရှေးအခါက ဍသံကောက်ဟုလည်းခေါ်သေးသည်။ ရင်ဘတ်မောက်မောက် ကောက်ကောက်သဏ္ဌာန်နှင့်တူသောကြောင့် ရင်ကောက်သောဍ၊ ဍရင်ကောက်ဟု မှည့်ခေါ်သည်။ သံကောက်နှင့်တူသောကြောင့် ဍသံကောက်ဟုလည်းခေါ်သည်။ သံကောက်ဆိုသည်မှာ တံခါးမင်းတုပ်စသည်ကိုချိတ်ဆွဲ၍ ဖွင့်ရသော အဖျားတစ်ဖက်တွင် ချိတ်ပါသော သံချောင်းဖြစ်သည်။ သော့သဖွယ် အသုံးပြုရသည်။ သံကောက်ဟု ခေါ်ခြင်းဖြစ်သည်။ ဋ္ဌဝဂ်ဗျည်းငါးလုံးတွင် တတိယဗျည်းအက္ခရာဖြစ်သဖြင့် ဋ္ဌဝဂ်၏ တတိယက္ခရာဟုခေါ်သည်။ သံထင်သံလျော့ဗျည်း၊ ဃောသသိထိလဗျည်းဖြစ်သည်။ လျှာထိပ်ဌာန် (မုဒ္ဓဌာန်)တွင် ဖြစ်သည်။ မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ ပါဠိ၊ သက္ကတစသော မွေးစားဝေါဟာရများအတွက် အသုံးပြုရသည်။ ဒုတိယကျော်အောင်စံထားဆရာတော်ကမူ ဍသံကောက်ဟူသောအမည်ကို နှစ်ခြိုက်သည်။ ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် ထိုဗျည်းအက္ခရာနှင့်ပတ်သက်၍ “ဍသံကောက် အက္ခရာ၏ သင်္ကေတကား သံယုဂ်ဖြစ်ခါ ဏကြီး၏အောက်၌တည်သော်လည်း အသွင်မဖောက်သင့်။ သာရုပ္ပရှိအောင်အကွေးအညွတ်ကိုပြုပြင်သော်လည်း ဦးခေါင်းမျက်နှာနောက်သို့မူသော အသွင်ကို မပျောက်စေဘဲ ရေးလို၏။ အချို့သောသူတို့ မထင်စေဘဲရေးသည်ကား အလေ့ဖြစ်၍တစ်ကြောင်း၊ သိသာပြီးဖြစ်၍တစ်ကြောင်း ရေးလေသည်။ သဘောအားဖြင့်ကား အသွင်မပျက်ရေးသော်လည်းဆိုဖွယ်ရာမရှိ။ ဎရေမှုတ်၏ အထက်၌ဆင့်၍ ဒွေးဘော်ဖြစ်သော်လည်း အထက်ဆင့်အက္ခရာဖြစ်၍ အသွင်မဖောက်ပြီ။ ဤ၌ ဍသံကောက်ဆိုသည်ကို ဍရင်ကောက်ဟူ၍ အချို့ဆိုကုန်၏။ နောက်သို့ မျက်နှာပြုသောအက္ခရာဖြစ်၍ မျက်နှာမူရာ ညွတ်လာသော အကွေးကို ရင်ဟူ၍ ရင်ကောက်ဆိုသင့်၏”ဟု ရှင်းပြထားပါသည်။

**ဍရင်ကောက်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ဎ / ဒ့ါယေမှုတ် /**

ဎ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်လေးလုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဎရေမှုတ်ဟုခေါ်သည်။ ယင်းဗျည်းအက္ခရာတစ်ဖက်တွင် လက်ကိုင်စရာ အကောက်အချိတ်ကလေးပါသဖြင့် ရေသောက်ရန် ရေခွက်၊ ရေမှုတ်နှင့် တူသောကြောင့် ဎ ရေမှုတ်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ အန္တတ္ထအမည်ဖြစ်သည်။ ဋ္ဌဝဂ်ဗျည်းငါးလုံးတွင် စတုတ္ထဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ဋ္ဌဝဂ်၏ စတုတ္ထက္ခရာဟုခေါ်သည်။ သံထင်သံတင်းဗျည်းဖြစ်သည်။ ဃောသဓနိတဖြစ်သည်။ လျှာထိပ်ဌာန် (မုဒ္ဓဌာန်) တွင်ဖြစ်သည်။ မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ ပါဠိဘာသာ၊ သက္ကတဘာသာ စသည်ကို မွေးစားသည့် မွေးစားဝေါဟာရများအတွက် အသုံးပြုရသည်။ ပါဠိဘာသာတွင်လည်း ဎနှင့်ပတ်သက်၍ ဎ သည် ပစ္စည်း ဎ နှင့် ကာရိယ ဎ ဟူ၍ နှစ်မျိုးရှိကြောင်း၊ အသံ၊ ခြိမ်းခြောက်သံ၊ ကျေးဇူးမဲ့သောစကားဟူသော အနက်ရှိကြောင်းမျှသာ တိပိဋက ပါဠိ - မြန်မာအဘိဓာန်ကြီးတွင်ပြသည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် ဎ နှင့်ပတ်သက်၍ “ဎ ရေမှုတ်အက္ခရာ၏ သင်္ကေတကား ဏကြီးအက္ခရာနှင့် သံယုဂ်ဖြစ်သောအခါ ဆွဲရသော်လည်း အသွင်မဖောက်သင့်”ဟူ၍လည်းကောင်း “ဍသံကောက်နှင့် ဒွေးဘော်ဖြစ်မှုကား အမှီဖြစ်သော နောက်သရနှင့်စပ်စေလို၍ အမြီးကို ချီချီကြွကြွရေးပါသည်မျှသာ အသွင်မဖောက်ဟူရ၏”ဟူ၍ လည်းကောင်းမျှသာ ရှင်းပြထားပါသည်။

**ဎရေမှုတ်**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၇၅ | ၃၀၅၅ | ၃၀၃၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၀ | ၃၀၃၅ | ၃၁၆၅ | ၃၁၉၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၉၅ | ၃၀၈၀ | ၃၀၉၅ | ၃၄၉၅ | ၅၈၀၀ |
| 95 Ron | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၅ | ၃၂၀၀ | ၃၂၁၀ | ၃၂၂၅ | ၃၁၇၅ | ၃၃၀၅ | ၃၃၃၅ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၅ | ၃၂၂၀ | ၃၂၃၅ | ၃၆၄၀ | ၆၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၂၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၅၈၀၀ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၀၉ |
| 95 Ron | ၂၉၅၅ | ၃၀၄၈ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၃၀၃၇ | ၃၁၂၈ |
| HSD (10 ppm) | ၃၀၃၇ | ၃၁၂၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးတွင် လှည့်လည်ကြည့်ရှုစဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

မွမ်းမံထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အမွေအနှစ်လက်ရာများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မှန်ကာရံခြင်းများ၊ ကန့်သတ်ဇရိယာထားရှိခြင်းများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ရှေးဟောင်းအမွေအနှစ်လက်ရာများဖြစ်သည့်အတွက် အထူးဂရုပြုထိန်းသိမ်းစောင့်ရှောက်သွားရန် လိုကြောင်း၊ ရွှေကျောင်းတော်ကြီး၏ အောက်ခြေတိုင်များ ခိုင်ခံ့နေစေရေးထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက လာရောက်လေ့လာသူများကိုလည်း ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပဉ္စမသင်္ဂါယနာတင်၊ ဘဝရှင်မင်းတုန်းမင်းတရားကြီး


**စာမျက်နှာ ၁၁ သို့** ☆


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးတွင် လှည့်လည်ကြည့်ရှုစဉ်။











နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရွှေနန်းတော်ကျောင်း(ရွှေကျောင်း) အတွင်းအပြင်ရှိ မြန်မာမှုသစ်သားပန်းပုအခြေခံ ခြူးပန်း၊ ခြူးနွယ် အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများ၊ အတွင်းမာရဘင်အရှေ့ပိုင်းကွန်းစင်တိုင်အခြေတွင် ထုဆစ်ပူဇော်ထားသည့် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်တို့ကို အနုစိတ်ထုဆစ်ပူဇော်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်သာသနိကယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေး၊ တန်ခိုးကြီးဘုရား၊ စေတီများအား ဖူးမြော်ကြည်ညို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နန်းမြို့အနောက်ဘက်ရှိ မြို့ရိုးထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးညိုစောနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်သာသနိကယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တန်ခိုးကြီးဘုရားစေတီများအား ဖူးမြော်ကြည်ညိုသည်။

## စည်ရှည်တံတားဆောက်လုပ်ရေး ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့တွင်းသို့ ရောက်ရှိကြပြီး နန်းမြို့အနောက်ဘက်ရှိ မြို့ရိုးထိန်းသိမ်းထားရှိမှုနှင့် စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက စည်ရှည်တံတား၏သမိုင်းအကျဉ်းနှင့် ယခင်တံတားအဟောင်းအထောက်အထားအချက်အလက်များကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စည်ရှည်တံတားပြန်လည်တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စည်ရှည်တံတားပြန်လည်တည်ဆောက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားပြန်လည်တည်ဆောက်ရာတွင် ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားရန်လိုကြောင်း၊ တံတားနှင့်ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်း စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**❖ စည်ရှည်တံတားပြန်လည်တည်ဆောက်ရာတွင် ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားရန်လို၊ တံတားနှင့်ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်း စနစ်တကျဆောင်ရွက်ရန်လို...**

**❖ ကျောင်းတော်ကြီးအတွင်းရှိ တိုင်လုံးများ သပ်ရပ်မှုနှင့် ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ်မွမ်းမံထိန်းသိမ်းဆောင်ရွက်သွားရန်လို၊ အမွေအနှစ်လက်ရာများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မှန်ကာရံခြင်းများ၊ ကန့်သတ်ဧရိယာထားရှိခြင်းများ ဆောင်ရွက်ထားရှိရန်လို...**

## မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ရောက်ရှိကြပြီး ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားဆင်းတုတော်ကြီးအား ဖူးမြော်ကြည်ညိုကာ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားတော်မြတ်ကြီးပင့်ဆောင်ထားရှိမှုအခြေအနေများအား ကြည့်ရှု၍ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပာယ်စွာရှိစေရေး လိုအပ်သည်များကို ဆောင်ရွက်သွားရန်မှာကြားကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး ထိန်းသိမ်းရေးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်

လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်ခဲ့မှုမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကာ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးအား လက်ယာရစ်လှည့်လည်၍ ကျောင်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ နဂိုမူလရေးဟောင်းအမွေအနှစ်လက်ရာများအတိုင်း လက်ရာမပျက်ထိန်းသိမ်းစောင့်ရှောက်ရေးမှတ်တမ်းများကို ပြန်လည်ကြည့်ရှုလေ့လာ၍ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)သို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ကျောင်းတော်ကြီးအတွင်းအပြင်ရှိ မြန်မာမှုသစ်သားပန်းပုအခြေခံ ခြူးပန်း၊ ခြူးနွယ်အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများ၊ အတွင်းမာရဘင်အရှေ့ပိုင်းကွန်းစင်တိုင်အခြေတွင် ထုဆစ်ပူဇော်ထားသည့် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်တို့ကို အနုစိတ်ထုဆစ်ပူဇော်ထားရှိမှုများကို ကြည့်ရှုပြီး တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်လက်ရာများဖြစ်သည့်အတွက် စနစ်တကျဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းတော်ကြီးအတွင်းရှိ တိုင်လုံးများ သပ်ရပ်မှုနှင့် ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ်

စာမျက်နှာ ၁၅ သို့ ✮





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားဆင်းတုတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးထိန်းသိမ်းရေးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စူဠာမုနိရုပ်ရှင်တော်ဘွဲ့အမည်ခံရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စည်ရှည်တံတားပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects preservation of ancient historical religious and cultural heritages in Mandalay, pays homage to eminent pagodas





Senior General Min Aung Hlaing pays homage to the Buddha image.

NAY PYI TAW August 25

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, SAC Joint Secretary General Ye Win Oo and his wife, council members General Maung Maung Aye and his wife, Lt-Gen Yar Pyae and General Nyo Saw and his wife, Union ministers U Min Naung and U Myo Thant, senior military officers from the Office of the Commander-in-Chief, the commander of Central Command and officials, inspected maintenance and preservation of ancient historical religious edifices and cultural heritages in Mandalay and paid homage to eminent pagodas.

**Inspecting preparation for construction of Sishay Bridge**

Arriving in the Mandalay royal city, the Senior General and party inspected maintenance of the western wall of the royal city and construction for Sishay Bridge. Deputy Minister for Religious Affairs and Culture Daw Nu Mya Zan reported on the brief history of the bridge and its evidences and Union Minister

See Page - 21 ●●






Senior General Min Aung Hlaing inspects the site chosen for construction of Mandalay walls and bridge.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets Mandalay Region cabinet members, region and district level departmental officials and discusses regional development




Senior General Min Aung Hlaing meets departmental officials from Mandalay.

NAY PYI TAW August 25

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met Mandalay Region cabinet members, region and district level departmental officials at the City Hall, Mandalay this afternoon and discussed regional development.

Also present were SAC Joint Secretary General Ye Win Oo, SAC members General Maung Maung Aye, Lt-Gen Yar Pyae, General Nyo Saw, union ministers U Min Naung, U Myo Thant, Mandalay Region Chief Minister U Myo Aung, Kachin State Chief Minister U Khet Htein Nan, Sagaing Region Chief Minister U Myat Kyaw, Magway Region Chief Minister U Tint Lwin, senior military officers from the Office of the Commander-in-Chief.

**Chief ministers present regional facts and farming activities**

First, the Mandalay Region chief minister, the Kachin State chief minister, the Sagaing Region chief minister, and the Magway Region chief minister reported on regional facts, regional farming activities, production, and distribution and future programs.

**Systematic undertaking of region-wise farming businesses will ensure food sufficiency**

As regards regional development, the Senior General said discussion will be centered on Mandalay Region development alongside the presentation of reports on business activities of Kachin State and Sagaing and Magway regions. Regions and states are making efforts for development of their areas, with food sufficiency as the core. Sown acreage target should be met. Multiple-cropping must be conducted, and a 200 percent increase in sown acreage will double the production capacity. As towns and villages in Mandalay Region are located on both banks of Ayeyawady River, the effective use of the natural watercourse will bring a lot of benefits. Sown acreage of multiple cropping in irrigated areas must be extended.

Crop yield can be increased through the application of correct seed, soil, water and technology. Success of agriculture in Mandalay, Sagaing and Magway regions and Kachin State will be greatly supportive of regional food sufficiency.

The country has to spend a lot of foreign exchange to import edible oil annually. Mandalay, Sagaing and Magway regions grow oil crops. As they are using the oil crop products as an export item and food rather than using them as raw material for milling oil, the three regions are also facing oil insufficiency. High-yield methods should be applied in oil crop cultivation and the domestic oil demand can be met by milling the surplus sesame, sunflower and groundnut of the country into oil. The three regions should grow sunflower, which is a promising oil crop, as an additional crop. Sunflower can be cultivated with the help of river water pumping stations after the monsoon paddy harvesting season. Adequate production of basic food items will benefit the relevant localities. Hence the government is encouraging MSMEs.

Our country has historically had weak domestic production industries, leading to a higher volume of imported goods compared to exports. The increasing importation has created a significant demand for foreign currency. During our government's tenure, we focused on exporting more agricultural products rather than just raw materials. Therefore, the chief ministers of regions and states are urged to work towards enhancing local production by at least 200 percent, and similarly, efforts should be made to improve livestock production in line with regional needs.

**Improving educational standards**

Regarding educational development, although school attendance rates have increased this academic year, only about 70 percent of school-age children nationwide are currently enrolled. There is a need to reopen schools that were closed for various reasons. Upon reopening, students should be provided with additional teaching to ensure they truly master their subjects. After completing middle school, students should be able to continue acquiring essential life skills. Those who pass the university entrance exams should be given opportunities to pursue higher education. To facilitate this, it is important to promote the significance of education and carry out awareness and mobilization efforts. Today's era is education, and thus the country must also continue to support educational initiatives.

**Ensuring health and fitness and promoting sports**

In terms of health, the government is facilitating the deployment of healthcare workers who have completed their studies to serve in the national healthcare sector. To ensure the nationwide implementation of healthcare services, the government is continuously appointing healthcare workers. In line with the policy that every hospital must have doctors, appointments are being made accordingly. Regarding sports, it is emphasized that efforts should be made to develop sports activities across regions and states. It is necessary to promote physical fitness, mental well-being, and technical proficiency in sports. Additionally, preparations should be made for active participation in the upcoming National Sports Festival in a way that benefits each region and state.

**Public security system involving public and free and fair elections**

Concerning security, it is necessary for individuals in each region to act with a sense of security awareness. Regarding public security, measures should be taken to ensure safety in neighborhoods, streets, and villages. Establishing security systems at the local level will significantly contribute to regional security. In terms of public security operations, it is essential to conduct checks, rechecks, and counter-checks to ensure thorough monitoring. Security measures have been disrupted in various ways, posing threats to different regions. Regarding the rule of law, broad and comprehensive efforts are required, and these must be executed with a focus on security. Security incidents have arisen due to political reasons, and the failure to address election fraud through political means has led to attempts to resolve issues through armed violence. The Tatmadaw is working to ensure that the country continues on

See Page - 20>>

●● From Page - 21

existence of the monastery and documentaries on maintenance of the building in its original works, and left necessary instructions.

**Shwenandaw Monastery (Golden Monastery)**

The Senior General, his wife and party arrived at Shwenandaw Monastery (Golden Monastery) and paid homage to the Buddha image in the monastery. Then, they viewed round wooden sculptural decorated arts and crafts, reliefs, animal and bird statues, wall reliefs and handicrafts portraying 10 major Jataka, the episode of going into the jungle, Maha Paduma Jataka and Utena Jataka inside and outside the monastery. In his guidance, the Senior General stressed the need to systematically preserve the invaluable ancient historical heritages in generations. The Senior General said that it is necessary to continuously maintain and renovate the posts of the monastery for cleanliness and tidiness. The Senior General noted that the heritages must be set in the glass fence as the restricted area for their existence. The Senior General urged officials to carefully reserve ancient heritages. If posts of the monastery are under maintenance and tidiness, it will attract larger number of travellers.


**Maha Thetkya Marazain Kyauktawgyi Pagoda**

Then, the Senior General and wife and party proceeded to Maha Thetkya Marazin Kyauktawgyi Pagoda built by King Mindon, who organized the 5th Synod, paid obeisance to Buddha images and offered flowers and water. Afterward, the Senior General and wife presented cash donations for all-round renovation of the pagoda to the chairman and officials of the pagoda board of trustees. Then, they circled the pagoda clockwise and gave necessary instructions on the durability of the pagoda.


**Maha Dhammikarama Shwekyin Main Monastery**

Afterward, the Senior General and wife and party continued to Maha Dhammikarama Shwekyin Main Monastery, paid obeisance to Presiding Nayaka Sayadaw Agga Maha Pandita Bhaddanta Thutivara and offered alms and the Sayadaw presented a marble Buddha image as a Dhamma gift to the Senior General and wife.

Afterward, the Senior General and wife and party paid obeisance and offered flowers and water to the Buddha image in the teak monastery, which is more than 162 years old.



Senior General Min Aung Hlaing visits Shwekyin Monastery.



Senior General Min Aung Hlaing visits Shwenandaw Monastery.

Then, they inspected the maintenance to the teak monastery and paid obeisance to statues of heads of the Shwekyin sect and viewed the photo gallery before giving necessary instructions on reports of officials for durability of the monastery and other needs.

**Mya Nan San Kyaw Golden Palace**

Afterward, the Senior General and party inspected the maintenance of the Mya Nan San Kyaw Golden Palace in the Mandalay Palace, where Deputy Minister for Religious Affairs and Culture Daw Nu Mya Zan and officials reported to the Senior General on conservation of palace buildings and implementation of instructions given by the Senior General during his visit in May, 2023. The Senior General gave necessary instructions to them.

Then, the Senior General and party inspected historical documentary photographs and the display of royal household items and gave necessary instructions.

100

---

➢ From Page - 19

a stable path of multi-party democracy, aligned with the nation's needs. It is necessary to implement a democratic system that is compatible with the country, as is the practice in other nations. In political actions, there should be no room for tyranny or retaliation; instead, efforts must be made to maintain peace. During the previous election, there were instances of election fraud related to voter lists, including pre-election fraud. Evidence of such fraud was found, and **it was discovered that these irregularities occurred not just in one constituency but across the entire country. Members of the NLD party, including central executive committee members and some chief ministers, were involved in these fraudulent activities. The NLD party led these actions, which included manipulating voter lists and engaging in pre-election fraud, among other tactics, representing a severe offense in the election process.**

Measures will be taken to ensure that the forthcoming election will be a free and fair election. In the coming month of October, the population and household censuses will be conducted. When its results have been announced to the nation, the voting list will be compiled, and measures of holding the election will move onward. Preparations are being made to ensure that there are no errors in making voting lists, and heads of department and officials are to work together to ensure that there will be correctness when the voting is conducted.

The Tatmadaw will continue to be able to stand firmly on the path of multi-party democracy that the people want and to do what should be done to ensure that the country will restore its original situation. To do so, it is necessary to ensure that there are the people who truly understand the nation and nationality and to win the cooperation of the people. Therefore, regarding public security, a security system must be implemented and exercised with the involvement of the people. If the people get involved in the public security system, there will be enhancement of stability and rule of law and the country's goal -- a true and disciplined multi-party democratic system - - could be implemented.

After the meeting, the Senior General cordially greeted the attendees. Then, the Senior General viewed the mini cotton ginning which is a type test in manufacturing of Good Brothers' Machinery Company Limited. An official briefed the Senior General on the machine.

100





Senior General Min Aung Hlaing inspects the renovation of Atumashi Monastery.




Senior General Min Aung Hlaing signs the guest book.



Senior General Min Aung Hlaing and Daw Kyu Kyu Hla make cash donation for the pagoda.

●● From Page - 18

for Construction U Myo Thant on plans underway to rebuild Sishay Bridge.

In his response to the reports, the Senior General stressed the need to build the bridge in its original designs and improve the roads connecting the bridge systematically. The Senior General added that reconstruction measures must be taken systematically, and left necessary guidance.

**Maha Atulawaiyan (Atumashi) Monastery**

The Senior General, his wife and party arrived at Maha Atulawaiyan (Atumashi) Moanstery. They paid homage to Culamuni Buddha in the monastery and offered alms in the alms-bowl, fruits, flowers, water and oil lights.

The Senior General viewed keeping the image and gave guidance on perpetual existence and magnificence of the image. The Senior General and his wife donated cash to the fund for overall renovation of the monastery. The Senior General then signed the visitors' book of the monastery.

The Senior General, his wife and party viewed documentary photos on conveyance of the image and then went round the monastery to observe long-term

See Page - 20 ●●



Senior General Min Aung Hlaing hears report on the site chosen for construction of Mandalay walls and bridge.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနား ကျင်းပ



တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကျင်းပစဉ်။



ဆရာတော်ထံ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဩဂုတ် ၂၅

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် တိုက်အုပ်ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဒေွ့ပရိသတ်များက ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် တိုက်အုပ်ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသောဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက်ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား စစ်ရေးချုပ်မှ ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်အား တပ်မတော် အရာရှိကြီးတစ်ဦးမှ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နေပြည်တော်တိုင်း သံဃာ့နာယကအဖွဲ့ဝင်ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းသည်။

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့်ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၁၃၃ သိန်း ၆ သောင်း ၉ ထောင်ကျပ်၊ ဆန် ၁၀၅၆ အိတ် ၆ ပြည်၊ ဆီ ၃၁၇ ဒသမ ၅၀ ပိဿာ၊ ပဲ ၃၀၇၅ ပိဿာ၊ ဆား ၃၀၇၅ ပိဿာ၊ ဆေးမျိုးစုံ ၇၆၈ ဘူးတို့အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စေတနာရှင်အလှူရှင်များက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူစဉ်။

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ်လ ၂၃ ရက်ညနေပိုင်းတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁)၊ (၂)၊ (၃)၊ (၄) တို့မှ ဝန်ထမ်းမိသားစုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်မိသားစုများ၊ ဗမာလူငယ်များအစည်းအရုံး၊ သီရိခေတ္တရာဖောင်ဒေးရှင်း ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စေတနာရှင်အလှူရှင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁)၊ (၂)၊ (၃)၊ (၄)တို့မှ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်ရာလေးဆယ့်ငါးသိန်း ခြောက်သောင်းတစ်ထောင့်တစ်ရာနှင့်ငွေကျပ် တစ်ရာခြောက်ဆယ့်ကိုးသိန်းကိုးသောင်း ခုနစ်ထောင် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်ကြရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် အလှူရှင်များက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချချ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

SPACE

# ပညာရှင်များက လမျက်နှာပြင်တစ်ခုလုံး၏ ကြည်လင်ပြတ်သားမှုအရှိဆုံးဓာတ်ပုံကို ထုတ်ပြန်

တရုတ်သိပ္ပံပညာရှင်များက ကမ္ဘာ့ပထမဆုံးအဖြစ် လမျက်နှာပြင်တစ်ခုလုံး၏ ကြည်လင်ပြတ်သားမှုအရှိဆုံးသောဓာတ်ပုံကို ထုတ်ပြန်လိုက်သည်။

အဆိုပါဓာတ်ပုံသည် လ၏မြေမျက်နှာသွင်ပြင်များကိုပါဖော်ပြထားသည့် မြေပုံတစ်ချပ်ကဲ့သို့ဖြစ်ပြီး လပေါ်လေ့လာရေးလုပ်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း တရုတ်ပညာရှင်များကပြောသည်။


တစ်နည်းအားဖြင့် ယင်းဓာတ်ပုံသည် လမြေပုံဖြစ်ပြီး ၁ အချိုး ၂ ဒသမ ၅ သန်းစကေးဖြင့်ဖော်ပြထားခြင်းဖြစ်သည်။ သိပ္ပံပညာရှင်များက ထိုမြေပုံကို မကြာသေးမီကမှထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့ဖြင့် ကြည့်ရှုအသုံးပြုနိုင်သည့် ထိုလမြေပုံတွင် လ၏ပထဝီဝင်မြေမျက်နှာပြင်၊ လ၏ကျောက်သားမျက်နှာပြင်၊ ကျောက်ချပ်လွှာမျက်နှာပြင်တို့ကိုပါ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

ထိုကဲ့သို့ လမြေပုံကိုထုတ်ပြန်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ကျီလင်းတက္ကသိုလ်၊ ရှန်းတုန်တက္ကသိုလ်၊ ဘူမိဗေဒဌာန၊ ဘူမိသိပ္ပံအကယ်ဒမီ၊ ဘူမိသိပ္ပံ(ပေကျင်း)တက္ကသိုလ်၊ ဘူမိသိပ္ပံနှင့်သဘာဝအရင်းအမြစ်သုတေသနအကယ်ဒမီနှင့် အခြားသောတက္ကသိုလ်မှ ပညာရှင်များပူးပေါင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သုတေသနပညာရှင်များအနေဖြင့် လပေါ်မှရရှိသော မြေသားနမူနာ၊ ကျောက်သားနမူနာများကိုသာမက ခေတ်အဆက်ဆက်လေ့လာခဲ့သော သုတေသနရလဒ်များအပေါ်အခြေခံ၍ ယခုကဲ့သို့ လမြေပုံကို ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref: STD



# NASA က လပေါ်လေ့လာရေးအတွက် စွမ်းအားမြင့်ဒုံးစက်အငယ်စားကိုစမ်းသပ်

NASA မှသိပ္ပံပညာရှင်များသည် လပေါ်လေ့လာရေးအတွက် များစွာအထောက်အကူဖြစ်စေမည့် စွမ်းအားမြင့်ဒုံးစက်အငယ်စားကို တီထွင်စမ်းသပ်လိုက်ပြီဖြစ်သည်။

ထိုဒုံးစက်အငယ်စားသည် ထိရောက်မှုအရှိဆုံးသော တွန်းကန်အားကိုရရှိစေရေးအတွက် အိုင်းယွန်းအသွင်ပြောင်း ဇီနွန်ဒြပ်စင်ကိုအသုံးပြုထားခြင်းဖြစ်ပြီး NASA ကအကောင်အထည်ဖော်နေသည့် လပေါ်တွင် လူသားများနေထိုင်လေ့လာရေးအစီအစဉ်အတွက် အဓိကအခန်းကဏ္ဍမှပါဝင်လာမည်ဖြစ်သည်။

ထိုဒုံးစက်အငယ်စားကို Hall Thruster ဟုအမည်ပေးထားပြီး ၎င်း၏စွမ်းအားပမာဏမှာ ၁၂ ကီလိုဝပ်ရှိသည်။ အိုင်းယွန်းအသွင်ပြောင်းဇီနွန်ဓာတ်ငွေ့ပုံမှန်စီးဆင်းမှုကို ပင်မစွမ်းအင်အရင်းအမြစ်အဖြစ်သုံးထားသည်။


ထို့ပြင် စွမ်းအင်ပမာဏအနည်းငယ်ကိုသာသုံးရုံမျှဖြင့် မြင့်မားသောစွမ်းဆောင်ရည်ကိုရရှိနိုင်သည့် အဆိုပါဒုံးစက်အငယ်စားက လပေါ်လေ့လာရေးအတွက်သာမက နက်ရှိုင်းသောအာကာသထဲတွင် လေ့လာရေးအတွက်ပါ အလွန်အသုံးဝင်သောအရာဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

Ref: STD



HEALTH

# မိမိတို့စားသောက်နေသော တိရစ္ဆာန်များက ကမ္ဘာ့ကျန်းမာရေးအခြေအနေအပေါ် ကြီးစွာသောသက်ရောက်မှုရှိစေမည်ဟု ပညာရှင်များသတိပေး



အရှေ့တောင်အာရှဒေသမှလာသည့် တိရစ္ဆာန်အစားအစာများမှ အစပြုသော အဏုဇီဝပိုးမွှား၏ခံနိုင်ရည်ရှိမှုကြောင့် ကပ်ရောဂါတစ်ခုအသွင်ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေပြီး ကမ္ဘာ့ကျန်းမာရေးအပေါ်သက်ရောက်မှုရှိစေမည်ဟု သုတေသနတစ်ခုတွင် ဖော်ပြထားသည်။

ထို့ပြင် ဆေးမတိုးသော အဏုဇီဝပိုးမွှားများကပ်ရောဂါဖြစ်မည့်အခြေအနေသည် မိမိတို့စားသုံးနေသောတိရစ္ဆာန်များကြောင့်ဖြစ်နိုင်သည်ဟု ပညာရှင်များကသတိပေးထားသည်။

အလားတူ ၂၀၅၀ ပြည့်နှစ်အရောက်၌ ဆေးမတိုးသောရောဂါများကြောင့် လူ ၁၀ သန်းအထိသေဆုံးနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

အထူးသဖြင့် ယခုစိန်ခေါ်မှုသည် ဩစတြေးလျနိုင်ငံနှင့်များစွာသက်ဆိုင်နေပြီး ဆေးယဉ်ပါးသောပုံစံဖြင့် ထွက်ပေါ်လာမည့် အကြီးဆုံးသောကပ်ရောဂါကြီးဖြစ်ပေါ်နိုင်သည့်အခြေအနေနှင့်လည်း များစွာဆက်စပ်နေသည်။

ထို့ကြောင့် လူသားများအနေဖြင့် ရောဂါတစ်ခုခုဖြစ်ပါက ပဋိဇီဝဆေးများအသုံးပြု၍ ကုသနိုင်သည့် အခြေအနေနည်းပါးလာကြောင်း၊ ထိုသို့နည်းပါးလာသည်ဆိုခြင်းမှာ ရောဂါပိုးကူးစက်မှုများကို ကုသနိုင်တော့မည့်အခြေအနေမရှိတော့ခြင်းဖြစ်ကြောင်း ပညာရှင် အဲရင်ကပြောသည်။

ထို့ပြင် အာရှဒေသသည် ပဋိဇီဝဆေးယဉ်ပါးတိရစ္ဆာန်များစွာရှိသည့်ဒေသဖြစ်ပြီး အရှေ့တောင်အာရှဒေသက ထိုကပ်ရောဂါအကြီးအကျယ်စတင်ဖြစ်ပွားရာ နေရာလည်းဖြစ်နိုင်ကြောင်း ၎င်းကဆက်ပြောထားသည်ဟုသိရသည်။

Ref: STD

# အသားဓာတ်နှင့်အမျှင်ဓာတ်ကို ပမာဏများပြားစွာစားပေးခြင်းက ကိုယ်အလေးချိန်ကိုအကျမြန်စေ



အသားဓာတ်နှင့်အမျှင်ဓာတ်ပမာဏများပြားစွာစားသုံးပေးခြင်းဖြင့် ကိုယ်အလေးချိန်ကို အကျမြန်စေကြောင်း သုတေသီများကတွေ့ရှိထားသည်။

သုတေသနပညာရှင်များသည် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်စားသောက်မှုအစီအစဉ်တွင်ပါဝင်သူများကို အသားဓာတ်နှင့်အမျှင်ဓာတ်ပမာဏ များပြားစွာစားသုံးစေခဲ့ခြင်းဖြစ်ပြီး ၂၅ လတာကာလအတွင်း ကိုယ်အလေးချိန် ၁၃ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားသည်ကိုတွေ့ရသည်။

သုတေသနတွင်ပါဝင်သူများအနေဖြင့် အသားဓာတ်နှင့်အမျှင်ဓာတ်ကို များပြားစွာစားသုံးရသော်လည်း ကယ်လိုရီပမာဏကိုမူ တစ်ရက်လျှင် ၁၅၀၀ ထက်မကျော်အောင် ဂရုပြုစားသုံးရသည်။

ထိုသို့စားသုံးရာ၌ တစ်ရက်လျှင်အသားဓာတ် ၈၀ ဂရမ်နှင့် အမျှင်ဓာတ် ၂၀ ဂရမ်တို့ကို မဖြစ်မနေစားသုံးခြင်းဖြင့် ကိုယ်အလေးချိန်လျော့ကျလာခြင်းဖြစ်သည်။

ထို့နောက် ယခုကဲ့သို့ အသားဓာတ်နှင့်အမျှင်ဓာတ်ကို တိုးမြှင့်စားသုံးခြင်းနှင့်အတူ ကယ်လိုရီကိုလျှော့စားခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်သော ကိုယ်အလေးချိန်လျှော့ချနည်းဖြစ်ကြောင်း အီလီနွိုက်တက္ကသိုလ်မှ သုတေသီများကပြောထားသည်ဟုသိရသည်။

Ref: STD

# ၁၀ မိနစ်မျှ သတိတရားလက်ကိုင်ထားခြင်းက စိတ်ကျခြင်းကိုလျော့ကျစေနိုင်

တစ်ရက်လျှင် ၁၀ မိနစ်မျှ သတိတရားလက်ကိုင်ထားခြင်းက စိတ်ကျခြင်းကိုလျော့ကျစေနိုင်ကြောင်း ဘတ်နှင့်ဆောက်သမ်တန်တက္ကသိုလ်တို့က သုတေသနပြုတွေ့ရှိထားသည်။ သုတေသီများသည် ၉၁ နိုင်ငံမှ လူ ၁၂၄၇ ဦးကို ရက် ၃၀ ကြာလေ့လာမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သုတေသနတွင်ပါဝင်သူများသည် တစ်ရက်လျှင် ၁၀ မိနစ်မျှသာ သတိတရားကိုလက်ကိုင်ထားခြင်းဖြင့် စိတ်ကျခြင်းကိုလျော့ကျစေသည်သာမက ကျန်းမာသောလူနေထိုင်မှုဘဝအတွက် စိတ်ခွန်အားကိုပါရရှိစေသည်ကိုတွေ့ရသည်။

သတိတရားကို လက်ကိုင်ထားခြင်းဆိုသည်မှာ မိမိလုပ်နေသောအလုပ်တစ်ခုကို အာရုံစူးစိုက်စွာလုပ်ဆောင်ခြင်းဖြင့် စိတ်ကိုတည်ငြိမ်အောင်ထားခြင်းဖြစ်သည်။

Ref: STD

## အစ္စရေးက လက်ဘနွန်ကိုလက်တုံ့ပြန်ဗုံးကြဲ၊ မြို့တွင်းရှိဗုံးခိုစခန်းများကိုဖွင့်လှစ်

**တဲအဗစ်၊ စစ်ရေး**

ဟစ်ဇဘိုလာတပ်ဖွဲ့များက အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့်ပစ်ခတ်မှုကို အစ္စရေးကလက်ဘနွန်အပေါ် လက်တုံ့ပြန်ဗုံးကြဲမှုလုပ်ဆောင်ကြောင်း သိရသည်။

ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် အဆိုပါအပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားသောကြောင့် ၎င်းတို့ကြားတင်းမာမှုမှာ အမြင့်ဆုံးအနေအထားသို့ ရောက်လာပြီဖြစ်သည်။

အစ္စရေးက ပြီးခဲ့သည့်လတွင် ဘေရွတ်မြို့ကို လေကြောင်းမှတိုက်ခိုက်မှုတစ်ခုအတွင်း ဟစ်ဇဘိုလာခေါင်းဆောင်တစ်ဦးကိုချေမှုန်းနိုင်ပြီးနောက် ဟစ်ဇဘိုလာတို့က လက်တုံ့ပြန်သည့်အနေဖြင့် ဒုံးကျည်ရာပေါင်းများစွာအသုံးပြု၍ တိုက်ခိုက်လာခြင်းဖြစ်သည်။

ထို့နောက် အစ္စရေးဘက်က ပြန်လည်လက်တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်တောင်ပိုင်းသို့ ကြိုတင်လက်ဦးမှုယူတိုက်ခိုက်မှုများ လုပ်ဆောင်သည်ဟု ထုတ်ပြန်ထားသည်။

ထိုတိုက်ခိုက်မှုများတွင် အစ္စရေးဘက်က စစ်လေယာဉ်အစင်း ၁၀၀ ကိုစေလွှတ်ကာ ဟစ်ဇဘိုလာတို့၏ဒုံးပစ်လောင်ချာနေရာများကိုဖျက်ဆီးသည်ဟုဆိုသည်။

ဟစ်ဇဘိုလာတို့ဘက်က ဒုံးကျည်များ၊ ဒရုန်းများဖြင့်တိုက်ခိုက်မှုကြောင့် အစ္စရေးဘက်တွင် ထိခိုက်မှုများရှိသည်ဟု အစ္စရေးဘက်ကထုတ်ပြန်ထားသည်။

ထို့ပြင် အစ္စရေးအစိုးရက နှစ်ဖက်တပ်ဖွဲ့များကြား အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ၄၈ နာရီကြာ အရေးပေါ်အခြေအနေကြေညာသည်။

တစ်ချိန်တည်းမှာပင် တဲအဗစ်မြို့အုပ်ချုပ်ရေးအဖွဲ့က ကမ်းခြေများအားလုံးကိုပိတ်ကာ စီစဉ်ထားသည့်ဖျော်ဖြေပွဲများကို ဖျက်သိမ်းလိုက်ပြီး ပြည်သူများအတွက် ဗုံးခိုစခန်း ၂၄၀ စလုံးကိုဖွင့်လှစ်လိုက်ပြီဟု ထုတ်ပြန်ကြေညာထားသည်။

အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌက အရှေ့အလယ်ပိုင်းသို့ရောက်ရှိနေချိန်နှင့် တိုက်ဆိုင်စွာ ယခုတိုက်ခိုက်မှုများဖြစ်လာခြင်းဖြစ်သည်။ **Ref: Xinhua, Sputnik**



## တရုတ်နှင့်ဖိလစ်ပိုင်တို့မှရေယာဉ်များ ထပ်မံတိုက်မိမှုဖြစ်ပွား

**ပေကျင်း၊ ပြည်တွင်းရေး**

နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေဆဲဖြစ်သည့် တောင်တရုတ်ပင်လယ်၌ တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့တို့မှရေယာဉ်များ ထပ်မံတိုက်မိမှုဖြစ်ပွားကြောင်းသိရသည်။

ဖိလစ်ပိုင်ရေယာဉ်များသည် ရှမ်းပင်ကျောက်တန်းအနီးသို့ ပိုင်နက်ကျူးကျော်ဝင်ရောက်လာပြီး တရုတ်ရေယာဉ်များကို ရည်ရွယ်ချက်ရှိရှိ ဝင်တိုက်ခြင်းဖြစ်သည်ဟု တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ကန်းယုကပြောသည်။

ထိုသို့ဝင်တိုက်မှုသည် ဩဂုတ်လ ၂၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၂ မိနစ်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ထိုဖြစ်စဉ်ကို တရုတ်အစိုးရနှင့် ကမ်းခြေစောင့်တပ်ဖွဲ့တို့က ဥပဒေနှင့်အညီလိုအပ်သလိုအရေးယူတုံ့ပြန်သွားမည်ဟု ကန်းယုကဆက်ပြောသည်။

သို့သော် ဖိလစ်ပိုင်ဘက်ကမူ ၎င်းတို့အနေဖြင့် တရုတ်ရေယာဉ်ရှစ်စင်း၏ ရန်ရှာမှုကိုခံရခြင်းဖြစ်ကြောင်း တန်ပြန်စွပ်စွဲထားသည်။ ထိုနှစ်နိုင်ငံကြားရှိရေယာဉ်များသည် ဩဂုတ်လ ၁၉ ရက်တွင်လည်း အလားတူတိုက်မိမှုဖြစ်ပွားကြောင်းသိရသည်။ **Ref: Xinhua, BP**



## မျောက်ကျောက်ရောဂါကာကွယ်ဆေးကို လိုအပ်သူများသာထိုးရန်လို

**ဘန်ကောက်၊ ကျန်းမာရေး**

နိုင်ငံအများအပြားတွင် ကူးစက်ပျံ့နှံ့ဖြစ်ပွားနေသော မျောက်ကျောက်ရောဂါအတွက် ကာကွယ်ဆေးများကို လူတိုင်းထိုးရန်မလိုဘဲ လိုအပ်သူများလောက်သာထိုးရန်လိုအပ်ကြောင်း ထိုင်းနိုင်ငံမှ ရောဂါပိုးမွှားဗေဒပညာရှင်တစ်ဦးကပြောသည်။

ကာကွယ်ဆေးထိုးရန်လိုအပ်သူများမှာ ရောဂါပျံ့နှံ့နေသောနိုင်ငံများသို့သွားသူများ၊ လိင်တူဆက်ဆံလေ့ရှိသူများပါဝင်ကြောင်း ချူလာလောင်ကွန်တက္ကသိုလ်မှ ယောင်ပူးဘူရာဝမ်ကပြောသည်။

ထို့ပြင် မျောက်ကျောက်ရောဂါကူးစက်မှုသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ပြင်းထန်ခြင်းမရှိသည့်အတွက် ကျောက်ကြီးရောဂါကာကွယ်ဆေးထိုးထားသူများအနေဖြင့် ယခုရောဂါဖြစ်ပွားသူများနှင့် အနီးကပ်နေထိုင်ဆက်ဆံဖူးခြင်းမရှိပါက လက်ရှိမျောက်ကျောက်ရောဂါကာကွယ်ဆေးကို ထိုးရန်မလိုအပ်ကြောင်း သိရသည်။ **Ref: BP**

## သတင်းတိုကဏ္ဍ

### အမေရိကန်က တရုတ်ကုမ္ပဏီများကို ပို့ကုန်ထိန်းချုပ်စာရင်းတွင် ထည့်သွင်းမှု တရုတ်ကန့်ကွက်

အမေရိကန်နိုင်ငံက တရုတ်ကုမ္ပဏီများကို ပို့ကုန်ထိန်းချုပ်စာရင်းတွင်ထည့်သွင်းမှုအပေါ် တရုတ်အစိုးရက ပြတ်ပြတ်သားသားကန့်ကွက်သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၂၅ ရက်တွင် ထုတ်ပြန်ထားသည်။

အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနသည် တရုတ်ကုမ္ပဏီအချို့အနေဖြင့် ရုရှားနိုင်ငံနှင့်ပတ်သက်ဆက်ဆံမှုများရှိနေသည်ဟုဆိုကာ ပို့ကုန်ထိန်းချုပ်စာရင်း၌ထည့်သွင်းလိုက်ခြင်းသည်။

ယခုလုပ်ဆောင်မှုသည် တစ်ဖက်သတ်ပိတ်ဆို့မှုဖြစ်ကြောင်းနှင့် ထိုသို့လုပ်ဆောင်ခြင်းကိုကန့်ကွက်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။

ထို့ပြင် ယခုကဲ့သို့လုပ်ဆောင်မှုသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးတရားဥပဒေကို ယိုယွင်းစေမည်ဖြစ်ကြောင်းနှင့် ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးထောက်ပံ့ရေးကွင်းဆက်အပေါ် ထိခိုက်စေသောကြောင့် ထိုလုပ်ရပ်ကိုချက်ချင်းရပ်တန့်ရမည်ဖြစ်ကြောင်း တရုတ်အစိုးရ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: Xinhua**

### ဂျပန်နိုင်ငံတစ်ဝန်း၌ ရာသီဥတုက နိုဝင်ဘာလအထိ ပုံမှန်ထက်ပိုမိုပူပြင်းနေမည်

ဂျပန်နိုင်ငံတစ်ဝန်း၌ ရာသီဥတုသည် နိုဝင်ဘာလအထိ ပုံမှန်ထက်ပိုမိုပူပြင်းနေမည်ဖြစ်ကြောင်းနှင့် မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

ထို့အတူ မိုးရွာသွန်းမှုကလည်း ပုံမှန်ထက်များပြားနေမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ၎င်းတို့၏သုံးလပတ်ခန့်မှန်းချက်တွင်ဖော်ပြထားသည်။

ပစိဖိတ်သမုဒ္ဒရာ၌ဖြစ်ပေါ်သော လေဖိအားပြင်းအခြေအနေသည် နိုင်ငံအရှေ့တောင်ပိုင်း၌ဆက်လက်တည်ရှိနေမည်ဖြစ်သောကြောင့် ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် လေပူများဖုံးလွှမ်းနေမည်ဖြစ်သည့်အတွက် ပုံမှန်ထက်ပူပြင်းရခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အထူးသဖြင့် အပူချိန်များသည် စက်တင်ဘာလနှင့်အောက်တိုဘာလတို့တွင် ပိုမိုမြင့်တက်နေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

နိုဝင်ဘာလတွင်မူ အပူချိန်များသည် မြောက်ပိုင်းနှင့်အရှေ့ပိုင်းဒေသတို့၌ ပုံမှန်နှင့်ပုံမှန်အထက်ရှိနေမည်ဖြစ်ကာ နိုင်ငံအနောက်ပိုင်းအပြင် အိုကီနာဝါနှင့် အမ္မာမီတို့တွင် ပုံမှန်နီးပါးရှိနေမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်းသိရသည်။ **Ref: Xinhua**

### အင်ဒိုနီးရှား၌ ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် ၁၃ ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံး

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မြောက်မာလူကူပြည်နယ်၌ ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခြင်းကြောင့် အနည်းဆုံးလူ ၁၃ ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါမြေပြိုမှုများအတွင်း လူရှစ်ဦးအသက်ရှင်ကျန်ရစ်ပြီး ထိုသူများအားလုံး ဒဏ်ရာကိုယ်စီရရှိသောကြောင့် ၎င်းတို့ကို ဆေးရုံတင်ထားကြောင်း ပြည်နယ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့အကြီးအကဲ ဖာတာရာမန်ကပြောသည်။

သေဆုံးသူများကို ၎င်းတို့၏နေအိမ်များအတွင်းမှ တွေ့ရှိရခြင်းဖြစ်ပြီး ပြိုကျလာသည့်မြေကြီးများက နေအိမ်များကို ဖုံးလွှမ်းသွားခြင်းဖြစ်သည်။ ရှာဖွေကယ်ဆယ်ရေးကို လူအင်အား ၁၀၀၀ ခန့်ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။ **Ref: Xinhua**

### ဒုတိယမြောက်ငြိမ်းချမ်းရေးအစည်းအဝေးကို အိန္ဒိယ၌ ကျင်းပပါက ထောက်ခံအားပေးမည်ဟု ဇီလန်စကီပြော

ရုရှား-ယူကရိန်း ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ဒုတိယမြောက်ငြိမ်းချမ်းရေးထိပ်သီးအစည်းအဝေးကို အိန္ဒိယနိုင်ငံ၌ ကျင်းပပါက ထောက်ခံအားပေးမည်ဖြစ်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီက ပြောသည်။

လက်ရှိတွင် ယူကရိန်းနိုင်ငံက ဒုတိယမြောက်ငြိမ်းချမ်းရေးထိပ်သီးအစည်းအဝေးကျင်းပနိုင်ရေးအတွက် ဆော်ဒီ၊ ကာတာ၊ တူကီယဲ၊ ဆွစ်ဇာလန်နိုင်ငံတို့နှင့် ဆွေးနွေးနေကြောင်း ဇီလန်စကီက ဩဂုတ်လ ၂၅ ရက်တွင်ပြောသည်။

ထို့ပြင် ယူကရိန်းနိုင်ငံသည် ငြိမ်းချမ်းရေးအစည်းအဝေးကို ကမ္ဘာ့တောင်ခြမ်းဒေသရှိ နိုင်ငံတစ်ခုခုတွင်ကျင်းပနိုင်ရေးမျှော်လင့်နေသည်ဟု ဇီလန်စကီက အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့်တွေ့ဆုံစဉ် ပြောထားသည်။

အလားတူ ယူကရိန်းသမ္မတက ၎င်းအနေဖြင့် အိန္ဒိယဝန်ကြီးချုပ်နှင့် ဩဂုတ်လ ၂၃ ရက်တွင်တွေ့ဆုံစဉ် ပထမအကြိမ်ငြိမ်းချမ်းရေးအစည်းအဝေးမှ ရရှိခဲ့သည့် အချက်အလက်များအားလုံးကို ပြောပြခဲ့ကြောင်း သိရသည်။ **Ref: TST**



## ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပြည်နယ်အဆင့်အခမ်းအနားကျင်းပ

ကျိုင်းတုံ ဩဂုတ် ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာစည်သူအောင်က ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ် Video နှင့် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် Video ပြသပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျောင်းကျန်းမာရေးလှုပ်ရှားမှု အထိမ်းအမှတ်ပြည်နယ်အဆင့် စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီး ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက် ၅ နှစ်အောက် ကလေးများအား Vitamin A တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့်အစားအစာများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ပြည်နယ်အဆင့်အထိမ်းအမှတ် ပြခန်းများအား ကြည့်ရှုအားပေးကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

သင်မလိုသောမီးကို ပိတ်ထားခြင်းဖြင့်
လိုအပ်သူများအလင်းရပါစေ။

## မိုင်းတုံမြို့နယ် ဆီငင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

မိုင်းတုံ ဩဂုတ် ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပထမအကြိမ်ထုတ်ချေးခြင်းအခမ်းအနားကို ဩဂုတ်လ ၂၅ ရက်တွင် ဆီငင်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာက ဆီငင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဆီငင်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကိုလွှဲပြောင်းပေးအပ်သည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆီငင်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူများကို အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၉၆ သိန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးကြောင်း မိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မောင်ခိုင်**



## မိုင်းယောင်းမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကို တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး



မိုင်းယောင်း ဩဂုတ် ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများကို ဩဂုတ်လ ၂၄ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်နေသည့် ဟောင်ကြန့်ကျေးရွာအုပ်စု နမ့်ယွန်းကျေးရွာရှိ တော်ဝင်မိုင်းယောင်း တန် ၃၀ ဆန်စက်နှင့် ကောင်းကဲကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရယူရန် အဆိုပြုထားသည့် ဦးယောလှကြက်ခြံ၊ ဝမ်တပ်ကျေးရွာအုပ်စု ဟွေထမ်ကျေးရွာရှိ တောင်ပေါ်သားကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးဇော်မင်းဆွေ၊ မြို့နယ်စာရင်းစစ်ရုံး(မိုင်းဖြတ်)၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်စီမံကိန်းဦးစီးရုံးနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုင်းယောင်းရတနာ မဏ္ဍဒေးမီးယားအစုအဖွဲ့ရုံးခန်း၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်ရှိ ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများအောင်မြင်လျက်ရှိ



မိုင်းယောင်း ဩဂုတ် ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုရှိ မိုင်းယောင်းမြို့နယ် ဝမ်တပ်ကျေးရွာအုပ်စု ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဩဂုတ်လ ၂၅ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းယောင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိသူများသည် ဝမ်လဲကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး ဝင်ငွေများပိုမိုတိုးပွားလာစေရန် ကြိုးစားဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားကာ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးသည်။

ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါချေးငွေအောင်မြင်သည့် အသင်းသား၊ အသင်းသူ ၃၅ ဦးကို ဆဋ္ဌမအကြိမ်မြောက် ရန်ပုံငွေကျပ် ၃၅၅ သိန်းအထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများအောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ထောက်ပံ့ပေးအပ်

လွိုင်ကော် ဩဂုတ် ၂၅

ကယားပြည်နယ်အစိုးရအဖွဲ့မှလွိုင်ကော်မြို့သို့ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။



ဖော်ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိလာပြီဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်နေသည့် အချိန်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ပြန်လည်တာဝန်ထမ်းဆောင်ရာတွင် မိမိ၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ပြီး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြန်လည်ဝင်ရောက်လာကြသည့် ဝန်ထမ်းများနှင့် ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ နေထိုင်စားသောက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီးရရှိရေးတို့ကို အဆင်ပြေအောင်စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့သို့ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိကြသည့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်း စုစုပေါင်း ၃၈၀ ဦးအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များပေးအပ်ခဲ့ရာ တက်ရောက်လာကြသည့်ဝန်ထမ်းများကိုယ်စား ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့က ပြန်လည်တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများအတွက် စုစုပေါင်းထောက်ပံ့မှုတန်ဖိုးငွေကျပ် ၃၁၄၆၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ချဲလ်ဆီးအသင်းက ဝုဖ်အသင်းကို ဂိုးဒါဇင်ဝက်သွင်းယူပြီး အနိုင်ရရှိ

လန်ဒန် ဩဂုတ် ၂၅

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ဝုဖ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ကစားခဲ့ရာ ချဲလ်ဆီးအသင်းက အဝေးကွင်းတွင် ဝုဖ်အသင်းကို ၆ ဂိုး ၂ ဂိုးဖြင့် ဂိုးဒါဇင်ဝက်သွင်းယူပြီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင်ပွဲစကတည်းက ချဲလ်ဆီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၂ မိနစ်တွင်ပင် ဂျက်ဆန်က ချဲလ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက်ပိုင်းတွင်လည်း ချဲလ်ဆီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဝုဖ်အသင်းက ထိရောက်သည့် တန်ပြန်တိုက်စစ်များဖြင့် ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၇ မိနစ်တွင် ကွန်ဟာက ဝုဖ်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ်တွင် ဂျက်ဆန်၏ဖန်တီးပေးမှုမှတစ်ဆင့် ပယ်လ်မာက ချဲလ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဆက်လက်၍ ပွဲချိန် ၄၅ မိနစ်အပြီး နာကျင်အချိန်ပို ၆ မိနစ်ပေးခဲ့ရာ ၄၅+၆ မိနစ်တွင် လာဆန်က ဝုဖ်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက်ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချဲလ်ဆီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ပထမပိုင်းကထက် ပိုမိုဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၄၉ မိနစ်၊ ၅၈ မိနစ်နှင့် ၆၃ မိနစ်တို့တွင် မက်ဒူကီက ချဲလ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးများဆက်တိုက်သွင်းယူပေးနိုင်ခဲ့ပြီး ပွဲချိန်မိနစ် ၈၀ တွင် လူစားဝင်ကစားသမား ဂျာအိုဖီးလစ်က ချဲလ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ချဲလ်ဆီးအသင်းက ၆ ဂိုး ၂ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

လာမည့်ပွဲစဉ်များအဖြစ် ဝုဖ်အသင်းသည် အက်ဖ်အေဖလားပွဲစဉ်အဖြစ် ဘန်လေအသင်းနှင့်ကစားရမည်ဖြစ်ပြီး ချဲလ်ဆီးအသင်းသည် ယူရိုပါကွန်ဖရန့်လိဂ်ရှုံးထွက်ဒုတိယအကျော့ပွဲစဉ်အဖြစ် ဆာဗက်တီအသင်းနှင့်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်



# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဂိုးပြတ်နိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဂိုးပြတ်နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့်ဧရာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၄ ဂိုး ၁ဂိုးဖြင့် ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၀ မိနစ်နှင့် ၄၅ မိနစ်တွင် ရန်ကျော်ထွေး၊ ပွဲချိန် ၆၆ မိနစ်တွင် ရန်နိုင်ဦး၊ ပွဲချိန် ၉၄ မိနစ်တွင် သာယာဝင်းထက်တို့သွင်းယူပေးခဲ့ကာ ဧရာဝတီယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန်၁၅ မိနစ်တွင် သီဟက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၉ မိနစ်တွင် ရန်နိုင်အောင်၊ ပွဲချိန် ၄၈ မိနစ်တွင် သန်းတိုးအောင်၊ ပွဲချိန် ၆၃ မိနစ်တွင် အောင်မြတ်သူတို့က သွင်းယူပေးနိုင်ခဲ့ပြီး ISPE အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် စောဆေးကပေါ်ဆေးက သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ်လ ၂၆ ရက် **(ယနေ့)**ညနေ၄နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**




## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၅-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| ဝ | ၄ | ဒသမ | ၃၄ | လက်မ |
| စစ်တွေ | ၃ | ဒသမ | ၇၀ | လက်မ |
| ကျုံပျော် | ၃ | ဒသမ | ၃၅ | လက်မ |
| ငါးသိုင်းချောင်း | ၃ | ဒသမ | ၀၃ | လက်မ |
| သာယာဝတီ | ၂ | ဒသမ | ၅၉ | လက်မ |
| ငပုတော | ၂ | ဒသမ | ၄၅ | လက်မ |
| မြောင်းမြ | ၂ | ဒသမ | ၄၅ | လက်မ |
| ဓနုဖြူ | ၂ | ဒသမ | ၄၀ | လက်မ |
| ကွမ်းခြံကုန်း | ၂ | ဒသမ | ၃၆ | လက်မ |
| ဇလွန် | ၂ | ဒသမ | ၂၀ | လက်မ |

# တောင်ကြီး - နောင်ကားလမ်းခွဲ - ပင်းပက် ရထားလမ်းပိုင်းနှင့် တောင်ကြီး - ပေါမှု - အေးသာယာ - ရွှေညောင် ရထားလမ်းပိုင်းများ ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဩဂုတ်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်း၊ အဆင့်မြှင့်တင် ပြုပြင်ထားသည့် တောင်ကြီး-ပေါမှု-အေးသာယာ-ရွှေညောင်ရထားလမ်းပိုင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ၊ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေနှင့် အဆိုပါရထားလမ်းပိုင်းရှိ ထီသိမ်အပိုင်းပတ်တံတားနှင့် အပိုင်းပတ်ရထားလမ်းထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် တောင်ကြီး – နောင်ကားလမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်းရှိ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေကို RGC ရထားလိုက်ပါစီးနင်း၍ စစ်ဆေးပြီး လမ်းပိုင်းအတွင်းရှိတံတားနှင့် Box Culvert များ ရေရှည်ခိုင်ခံ့မှုရှိစေရေး စနစ်တကျ စစ်ဆေး၍ ထိန်းသိမ်းဆောင်ရွက်ရန်၊ ရထားလမ်းဘေးရေမြောင်းများ (Side Drains) စနစ်တကျဆောင်ရွက်သွားရန်နှင့် ရထားလမ်းတာပေါင်များ ရေတိုက်စားမှုနည်းစေရန်အတွက် မြက်ကပ်စိုက်ပျိုးထားမှုကို ရှင်းသန့်အောင် ဂရုစိုက်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့အတူ အဆင့်မြှင့်တင်ပြုပြင်ထားသည့် တောင်ကြီး – ပေါမှု – အေးသာယာ – ရွှေညောင် ရထားလမ်းပိုင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ၊ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေအား RGC ရထားလိုက်ပါစီးနင်းစစ်ဆေးပြီး အဆိုပါ ရထားလမ်းပိုင်းရှိ ထီသိမ်အပိုင်းပတ်နေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များနှင့် အပိုင်းပတ်တာပေါင်တွင် မြေထိန်းနိုင်ရန် စိုက်ပျိုးထားသည့်မြက်ပင်များအား ရှင်းသန့်စေရေး ဂရုစိုက်သွားရန်၊ မြေထိန်းနံရံများ တည်ဆောက်ထားမှုကို စနစ်တကျ စစ်ဆေးသွားရန်၊ ထီသိမ်အပိုင်းပတ်တံတားကို ပုံမှန်စစ်ဆေးခြင်းများဆောင်ရွက်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး ပုံမှန်စစ်ဆေးပြုပြင်ခြင်းများဆောင်ရွက်ရန်၊ ရထားလမ်းဘေးရေမြောင်းများ စနစ်တကျ ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဘူတာများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရထားစီးခရီးသည်များ အဆင်ပြေစေရေးနှင့် ရထားများ ထွက်ချိန်မှန်ကန်စေရေး အလေးထား ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပြင်ဦးလွင်ခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးကူညီ



**နေပြည်တော် ဩဂုတ် ၂၅**

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့နယ် မြေပုံကျေးရွာရှိ ပုဂ္ဂလိကဥစားကြက်မွေးမြူရေးခြံ၏ အလုံပိတ်စနစ်ဖြင့် ကြက်ကောင်ရေ ခြောက်သောင်းခန့် မွေးမြူလုပ်ကိုင်နေမှုနှင့် ကြက်ဥများအား ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးပေးနေမှုတို့ကိုကြည့်ရှုအားပေးသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်နှင့် ခြံတာဝန်ရှိသူများအား တွေ့ဆုံ၍ တိရစ္ဆာန်အစာကို ဒေသထွက် အစာကုန်ကြမ်းပစ္စည်းများဖြင့် ရောစပ်ကျွေးမွေးနိုင်ရေး၊ အသေးစား မွေးမြူရေးလုပ်ကိုင်သူများနှင့် မွေးမြူရေးခြံ တည်ထောင်ဆောင်ရွက်လုပ်ကိုင်လိုသူများအား လက်တွဲခေါ်ယူ၍ နည်းပညာနှင့် ဈေးကွက်ဆိုင်ရာ လိုအပ်ချက်များ ချိတ်ဆက်ကူညီပေးခြင်းဖြင့် ဒေသ၏ မွေးမြူရေးအခြေခံ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာအုပ်စုနှင့်ပွေးကောက်ကျေးရွာအုပ်စုအတွင်းရှိ ဒီဇင်ဘာနို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားများ မွေးမြူထားရှိမှု၊ နွားစာမြက်များ စိုက်ပျိုးကျွေးမွေးခြင်းလုပ်ငန်းနှင့် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနေမှုတို့ကိုကြည့်ရှုပြီး နို့စားနွား မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းပြီး ဒေသတွင်း မွေးမြူရေး တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို စနစ်တကျလိုက်နာကျင့်သုံးရန် ကိစ္စရပ်များကို မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင်ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများကိုတွေ့ဆုံ၍ စိုက်ပျိုးနိုင်သည့် မြေယာများအားလုံး မြေလပ်မကျန်စိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ သွင်းအားစုစရိတ်လျှော့ချနိုင်ရေးနှင့် တစ်ဧကချင်း၏ ထုတ်လုပ်မှုတိုးတက်ရေး၊ သီးနှံအထွက်နှုန်းနှင့်အရည်အသွေးမြင့်မားစေရေး ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မှုအခွင့်အလမ်းများ၊ ကော်ဖီစိုက်ဧက လျာထားချက် ပြည့်မီစေရေး၊ မွေးမြူရေးကဏ္ဍတွင် ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါဖြစ်ပွားမှုလျှော့ချနိုင်ရေး၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကူးစက်ရောဂါများကို မျက်ခြည်မပြတ်စောင့်ကြည့်ကာကွယ်ရန်လိုအပ်ချက်များ၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် GAHP ကို တိုးချဲ့ပညာပေးရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးတိုင်းဦးစီးမှူးရုံးရှိ တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ အာဟာရဇီဝဓာတ်ခွဲခန်း (မန္တလေး)နှင့် မျိုးရည်ခဲချောင်းထုတ်လုပ်ရေး ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(၅၀၀)

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium ၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် MIU FC အသင်းနှင့် Taw Win Nan FC အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် Shwe Pyi Thar FC အသင်းနှင့် UPK FC အသင်းတို့ကစားခဲ့ရာ UPK FC အသင်းက ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် VUC FC အသင်းနှင့် Power HBI အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ၉ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီခွဲတွင် Pacific Sun Far အသင်းနှင့် Naka United အသင်းတို့ကစားခဲ့ရာ Pacific Sun Far အသင်းက ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် M2K FC အသင်းနှင့် Jullniss FC အသင်းတို့ကစားခဲ့ရာ M2K FC အသင်းက ၇ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Let Wel Thone Nara အသင်းနှင့် YCDC Marga FC အသင်းတို့ကစားခဲ့ရာ YCDC Marga FC အသင်းက ၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ်လ ၂၆ ရက် (ယနေ့)နံနက် ၉ နာရီတွင် Futsal Chit Thu အသင်းနှင့် Bushido Team အသင်း၊ နံနက် ၁၀ နာရီခွဲတွင် M–Million FC အသင်းနှင့် Seven FC အသင်း၊ မွန်းတည့် ၁၂ နာရီတွင် MH Dream Team အသင်းနှင့် FCT Youth အသင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် YRG FC အသင်းနှင့် Sar Bal Gyi Doh FC အသင်း၊ ညနေ ၃ နာရီတွင် Gold Dream FC အသင်းနှင့် SGF FC အသင်း၊ ညနေ ၄နာရီခွဲတွင် Pyae Sone FC အသင်းနှင့် Generations FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚C | / | ၂၉.၆˚C |
| ရန်ကုန် | ၂၄˚C | / | ၃၁.၀˚C |
| မန္တလေး | ၂၇˚C | / | ၃၄.၇˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
# တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် အောက်ဖော်ပြပါရေကြောင်းဘက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့နှင့် ရေကြောင်းသိပ္ပံပညာ(ဂုဏ်ထူး)ဘွဲ့ဆိုင်ရာ ပထမနှစ် သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

| | | **ဖွင့်လှစ်မည့်သင်တန်း** | **သင်တန်းကာလ** |
|---|---|---|---|
| (က) | B.E.(NA) | အင်ဂျင်နီယာဘွဲ့(ရေယာဉ်တည်ဆောက်မှု)<br>Bachelor of Engineering (Naval Architecture) | (၅)နှစ် |
| (ခ) | B.E.(ME) | အင်ဂျင်နီယာဘွဲ့(ရေကြောင်းအင်ဂျင်နီယာ)<br>Bachelor of Engineering ( Marine Engineering ) | (၅)နှစ် |
| (ဂ) | B.E.(PH) | အင်ဂျင်နီယာဘွဲ့( ဆိပ်ကမ်းအင်ဂျင်နီယာ)<br>Bachelor of Engineering (Port and Harbour Engineering ) | (၅)နှစ် |
| (ဃ) | B.E.(RC) | အင်ဂျင်နီယာဘွဲ့(မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာ)<br>Bachelor of Engineering(River and Coastal Engineering) | (၅)နှစ် |
| (င) | B.E.(MESE) | အင်ဂျင်နီယာဘွဲ့(ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်အင်ဂျင်နီယာ)<br>Bachelor of Engineering (Marine Electrical Systems & Electronics Engineering) | (၅)နှစ် |
| (စ) | B.E.(MM) | အင်ဂျင်နီယာဘွဲ့(ရေကြောင်းစက်မှုအင်ဂျင်နီယာ)<br>Bachelor of Engineering ( Marine Mechanical Engineering ) | (၅)နှစ် |
| (ဆ) | B.Sc.(Hons;) (NS) | သိပ္ပံဂုဏ်ထူးဘွဲ့(ရေကြောင်းသိပ္ပံ)<br>Bachelor of Science (Honours)( Nautical Science) | (၅)နှစ် |

၂။ အထက်ဖော်ပြပါ အင်ဂျင်နီယာဘွဲ့သင်တန်းနှင့် သိပ္ပံ(ဂုဏ်ထူး)ဘွဲ့သင်တန်းအားလုံးအတွက် သင်တန်းကာလမှာ (၅)နှစ်ဖြစ်ပြီး၊ သင်တန်းကာလ(၅)နှစ်လုံး ပြီးစီးအောင်မြင်သည့်အခါ B.E ဘွဲ့ / B.Sc (Hons;)ဘွဲ့တို့ကို တိုက်ရိုက်အပ်နှင်းချီးမြှင့်မည်ဖြစ်ပါသည်။

၃။ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ(၃၀၀)ဦးအထိသာ လက်ခံမည်ဖြစ်ပြီး လုပ်ငန်းသဘောသဘာဝအရ အမျိုးသမီးဦးရေ (၂၀)ရာခိုင်နှုန်းအထိသာ လက်ခံနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်းရမှတ် (၄၂၀)နှင့် အထက်ရရှိပြီး အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏မိဘ(၂)ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)၊ (ပြု)၊ (ဧည့်)ကိုင်ဆောင်ထားသူဖြစ်ရမည်။

(ခ) ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးစစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ကျန်းမာရေး(က)အဆင့်ရှိရမည်။

(ဂ) အမျိုးသမီးများသည် Marine Engineering၊ Marine Electrical Systems & Electronics Engineering နှင့် Nautical Science ဘာသာရပ်များမှလွဲ၍ အခြားဘာသာရပ်များကို လျှောက်ထားခွင့်ရှိသည်။

(ဃ) Marine Engineering၊ Marine Electrical Systems & Electronics Engineering နှင့် Nautical Science ဘာသာရပ် လျှောက်ထားသူများသည် သင်တန်းတက်ရောက်ခွင့်မပြုမီ မှန်ကန်စွာအရောင်ခွဲခြားနိုင်မှုစွမ်းရည်ရှိရမည်။ Nautical Science ဘာသာရပ်အတွက် မျက်မှန်တပ်ဆင်သူများလျှောက်ထားခွင့်မရှိ။

(င) ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများသာ လျှောက်ထားခွင့်ရှိပါသည်-

(၁) STEAM 1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ)

(၂) STEAM 2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒ)

(စ) လူတွေ့စစ်ဆေးခြင်းခံရမည်။

(ဆ) တက္ကသိုလ်မှချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဇ) ပညာသင်ကာလအတွင်း Workshop Skills၊ သတ်မှတ်ထားသော ပင်လယ်ပြင်လုပ်သက်နှင့် တက္ကသိုလ်ပြင်ပတွင် တက်ရောက်ရမည့် အခြားသင်တန်းများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၅။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံကို ၂၈.၈.၂၀၂၄ (ဗုဒ္ဓဟူးနေ့) ရက်နေ့မှစတင်၍ တက္ကသိုလ်၏ Website www.mmu.edu.mm မှလည်းကောင်း၊ ကျောင်းသားရေးရာဌာနမှလည်းကောင်း ရယူပြီး စာတိုက်မှဖြစ်စေ၊ ကျောင်းသားရေးရာဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ စာရွက်စာတမ်းအပြည့်အစုံ(လိုင်စင်ဓာတ်ပုံ-၄ပုံ၊ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အမှတ်စာရင်းမူရင်း၊ သက်ဆိုင်ရာကျောင်းသားနှင့်မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ)တို့ဖြင့် လျှောက်ထားရမည်။ ပြည့်စုံခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်ထားခြင်းကို ၂၈.၈.၂၀၂၄ (ဗုဒ္ဓဟူးနေ့) မှ ၃၀.၉.၂၀၂၄(တနင်္လာနေ့)အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၇။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရွေးချယ်ခြင်းမခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန်အတွက် အခြားတက္ကသိုလ်များသို့ အချိန်မီတက်ရောက်နိုင်ရေး လျှောက်ထားမှုပြုလုပ်ထားရန် လိုအပ်ပါမည်။

၈။ တက္ကသိုလ်ဝင်ခွင့်အတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ကျန်းမာရေးစစ်ဆေးမည့်နေ့ရက်၊ မျက်စိစမ်းသပ်စစ်ဆေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်နေ့ရက်များကို ဝင်ခွင့်အမှတ်စဉ်အလိုက် ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၉။ ဝင်ခွင့်လျှောက်လွှာများကို စာတိုက်မှပေးပို့လျှောက်ထားမည်ဆိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်၊ သီလဝါစာတိုက်သင်္ကေတ-၁၁၂၉၃ သို့လိပ်မူပြီး သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။ (အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၂၃၅၁၀၈၅၄၊ ၀၅၆-၂၂၁၇၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ )

**<u>တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့</u>**

စုစုပေါင်းရမှတ်-------------

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**
**ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာ**

ဓာတ်ပုံကပ်ရန် (၃)ပုံပူးတွဲရန်

(၂၀........ ခုနှစ်၊ တက္ကသိုလ်ဝင်အောင်မြင်သူများအတွက်)

| | ကျောင်းသား/ကျောင်းသူ | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|---|
| ၁။ အမည် | | | |
| ၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| ၃။ လူမျိုး | | | |
| ၄။ ကိုးကွယ်သည့်ဘာသာ | | | |
| ၅။ မွေးသက္ကရာဇ် (တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်တောင်းစဉ်အတိုင်း) | | | |

| | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|
| ၆။ မိဘအလုပ်အကိုင်/ရာထူး/ဌာန | | |

၇။ မိဘနေရပ်လိပ်စာနှင့်ဖုန်းနံပါတ်

အိမ်အမှတ်၊ လမ်းအမည် --------------------------------
ရပ်ကွက်/ကျေးရွာ ------------------------------------
မြို့နယ် ----------------------------------------------
တိုင်းဒေသကြီး/ပြည်နယ် -------------------------------

၈။ ဝင်ခွင့်လျှောက်ထားသူ၏ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်-----------------------------------------------------

၉။ အောင်မြင်ခဲ့သည့်တက္ကသိုလ်ဝင်စာမေးပွဲနှင့်ရမှတ်များအောင်မြင်ခဲ့သည့်ဘာသာတွဲ

| သင်ယူခဲ့သည့်ဘာသာရပ်များ | စာမေးပွဲရမှတ် |
|---|---|
| မြန်မာစာ | |
| အင်္ဂလိပ်စာ | |
| သင်္ချာ | |
| ဓာတုဗေဒ | |
| ရူပဗေဒ | |
| | |
| စုစုပေါင်းရမှတ် | |

ခုံအမှတ် -------------------------
ခုနှစ် -------------------------
စာစစ်ဌာန -------------------------
မြို့နယ် -------------------------
ပြည်နယ်/တိုင်းဒေသကြီး --------------------

အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်၊

| မိဘ/အုပ်ထိန်းသူလက်မှတ် | | လျှောက်ထားသူ | |
|---|---|---|---|
| လက်မှတ် | --------------------- | လက်မှတ် | --------------------- |
| အမည် | --------------------- | အမည် | --------------------- |
| ရက်စွဲ | --------------------- | ရက်စွဲ | --------------------- |

**ပျောက်ဆုံးကြောင်း**
အိအိအောင်(ဘ)ဦးမြအောင် ၁၂/ကမတ(နိုင်)၀၆၂၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
စိုးမင်းမင်း(ဘ)ဦးမောင်မောင်တင်၉/ကဆန(နိုင်)၀၁၈၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 269183)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၀၀၀၈၀၀**

**ပျောက်ဆုံးကြောင်း**
ဘီးဒီးယား(ဘ)မိုဟန်လာလ် ၁၂/လကန(နိုင်)၂၈၀၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 360362)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၄၀၇၈၂၈၇**

**ပျောက်ဆုံးကြောင်း**
ဆိုင်းမုန်(ဘ)ဦးမုန်ရန် ၁/မကတ(နိုင်)၁၃၅၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၀၀၄၀၀၄၁**

**ပျောက်ဆုံးကြောင်း**
ဇာဇာလင်း(ဘ)ဦးအောင်ကျော်ဇံ ၅/ပလဘ(နိုင်)၀၆၁၆၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ကောင်းခန့်ဝင်း(ဘ)ဦးတင်ဝင်း ၁၂/ကတန(နိုင်)၁၄၁၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 931419)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
သန်းအောင်စိုး(ဘ)ဦးမြင့်သိန်း ၁၂/ဥကတ(နိုင်)၁၃၂၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ဖြူဖြူခိုင်(ဘ)ဦးတင်ဝင်း ၇/ပခန(နိုင်)၂၅၀၆၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 046762)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ Zenith ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ အဘဦးတင်ဝင်းထိုက်၏သား မောင်ဟံသူဝင်း၏အမည်မှန်မှာ မောင်ဟန်သူဝင်း ၇/ကပက(နိုင်)၁၃၈၁၁၅ ဖြစ်ပါကြောင်း။ **မောင်ဟန်သူဝင်း**

**ဖခင်အမည်မှန်**
လဲချားမြို့နယ်၊ အ.ထ.က(လဲချား)၊ Gade-3(A) တွင် ပညာသင်ကြားနေသော စိုင်းလှိုင်းပန်ဖ၏ ဖခင်အမည်မှန်မှာ စိုင်းဟန်ထွန်းကျော် ၁၃/လခန(နိုင်)၀၃၈၅၀၈ ဖြစ်ပါကြောင်း။
**စိုင်းဟန်ထွန်းကျော်**





**ပျောက်ဆုံးကြောင်း**
လင်းလင်းဦး(ဘ)ဦးမြင့်အောင် ၇/တငန(နိုင်)၁၀၁၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**မိုးသောက်ပန်း** ဂျာနယ်

ကလေးငယ်များအတွက် ပညာလဲပေး၊ ဗဟုသုတလဲရ၊ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းနေခြည်၊ ကာတွန်းစောဟန်နှင့် ကာတွန်းမောင်တင်ယုတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ ။
- ကဗျာဆရာ မောင်လတ်(ကမ်းရိုးတန်း)၊ မောင်နေမွန်၊ မောင်မင်းသိမ်း(သရက်)၊ ဆောင်းနေရောင်(အဖျောက်)၊ ပုလောစိုးနွံ့သာနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။



ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၀-၈-၂၀၂၄)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၈)၊ အမှတ်(၃၃)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆

# ကမ္ဘာအေးကုန်းမြေရှိ ဆရာတော်ကြီးများသီတင်းသုံးတည်းခိုဆောင်များအတွင်း ရဟန်းအသုံးအဆောင်ပစ္စည်းများခင်းကျင်းထားရှိမှုများကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေးပြီး ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့နှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယမန်နေ့ မွန်းလွဲပိုင်းက ကမ္ဘာအေးဟံသာသီရိကုန်းမြေသို့သွားရောက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြုပြင်ခဲ့ပြီးဖြစ်သော ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုဆောင်များဖြစ်သည့် ရွှေဟင်္သာကျောင်းဆောင်၊ ဦးထွန်းကြည်ကျောင်းဆောင်၊ စိန်ရတုကျောင်းဆောင်၊ မင်းလှကျောင်းဆောင်၊ သူရဦးထွန်းတင်ကျောင်းဆောင်နှင့် ကပ္ပိယကျောင်းဆောင်တို့အတွင်းရှိရဟန်းအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ကမ္ဘာအေးကုန်းမြေပိဋကတ်တိုက်အဆောက်အအုံရှိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲသို့ သွားရောက်၍ ပိဋကသုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆိုတည်းဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ရဟန်းတော်များ၊ ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့ ဆရာကြီး/ဆရာမကြီးများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက ပိဋကသုံးပုံ ပါဠိတော် ၅၃ ကျမ်းအနက် ယခင်က ၂၇ ကျမ်း စာအုပ်ရေအားဖြင့် ၂၅ အုပ်ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ရာ ယခုကာလအတွင်း ကျမ်းလေးကျမ်း စာအုပ်ရေအားဖြင့် လေးအုပ် ထပ်မံပုံနှိပ်နိုင်မည်ဖြစ်ပါသဖြင့် စုစုပေါင်းကျမ်း ၃၁ ကျမ်း စာအုပ် ၂၉ အုပ်ထွက်ရှိလာမည်ဖြစ်ပြီး ထပ်မံ၍လည်း ကျန်ရှိနေသည့် ဘာသာပြန်ကျမ်းစာအုပ်များထွက်ရှိနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းစဉ်(၅)ရပ်နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းရာ တက်ရောက်လာသည့် ရဟန်းတော်များနှင့်ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့က ဘာသာပြန်လုပ်ငန်း ဆောင်ရွက်ရာတွင် ဆဋ္ဌမူအတိုင်း ပြောင်းလဲမှုမရှိစေဘဲ လူပုဂ္ဂိုလ်အများနားလည်နိုင်သည့် စကားလုံးများဖြင့် အတတ်နိုင်ဆုံး စိစစ်တည်းဖြတ်လျက်ရှိကြောင်း ဆွေးနွေးတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရဟန်းတော်များနှင့် ပိဋကတ်ဘာသာပြန် စာတည်းကော်မတီအဖွဲ့ ဆရာကြီး/ဆရာမကြီးများကို အလှူငွေများ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၅၀၀)



# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ











နေပြည်တော် ဩဂုတ် ၂၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ဆက်လက်ကျင်းပသည်။

ယနေ့ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (မီတာ ၅၀၀၀၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၁၁၀ တန်းကျော်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀) ပြိုင်ပွဲများနှင့် အမျိုးသမီး (မီတာ ၃၀၀၀၊ မီတာ ၁၀၀ တန်းကျော်၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀) ပြိုင်ပွဲများ၏လူရွေးပွဲနှင့် ဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားသည်။

အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ကန်လန်(စစ်ကိုင်း)က ၁၇:၄၃.၅၁ ဖြင့် ပထမ၊ အောင်မြင့်မြတ်(ကယား)က ၁၇:၄၆.၉၃ ဖြင့် ဒုတိယ၊ ဟိန်းသူရအောင်(တနင်္သာရီ)က ၁၇:၅၇.၅၀ ဖြင့် တတိယ၊ သံလုံးပစ်ပြိုင်ပွဲတွင် မန်းဇေယျာထူး(ကရင်) က ၁၂ ဒသမ ၈၆ မီတာဖြင့် ပထမ၊ ရဲမိုးဇာ(မကွေး)က ၁၂ ဒသမ ၅၇ မီတာဖြင့် ဒုတိယ၊ ဟန်လင်းစိုး(ကရင်)က ၁၂ ဒသမ ၃၀ မီတာဖြင့် တတိယ၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် မင်းထက်သော်(နေပြည်တော်)က ၂ ဒသမ ၈၀ မီတာဖြင့် ပထမ၊ ဟန်ဖြိုးအောင်(မကွေး)က ၂ ဒသမ ၇၀ မီတာဖြင့် ဒုတိယ၊ ဇော်မျိုးအောင်(မန္တလေး)က ၂ ဒသမ ၆၀ မီတာဖြင့် တတိယ၊ မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် မြတ်ဘုန်းကျော်(မန္တလေး)က ၁၅ ဒသမ ၃၉ စက္ကန့်ဖြင့် ပထမ၊ မင်းသိခ်(ဧရာဝတီ)က ၁၅ ဒသမ ၆၀ စက္ကန့်ဖြင့် ဒုတိယ၊ ဝင်းသူရကျော်(နေပြည်တော်)က ၁၅ ဒသမ ၆၂ စက္ကန့်ဖြင့် တတိယ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် တင်မိုးအောင်(တနင်္သာရီ) က ၂၃ ဒသမ ၀၈ စက္ကန့်ဖြင့် ပထမ၊ ဇေယျာဖြိုး(စစ်ကိုင်း)က ၂၃ ဒသမ ၂၉ စက္ကန့်ဖြင့် ဒုတိယ၊ အောင်မျိုးဇော်(ပဲခူး)က ၂၃ ဒသမ ၆၃ စက္ကန့်ဖြင့် တတိယ၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ကျော်ဇောလင်း(ကယား)က ၂:၁၀.၀၉ ဖြင့် ပထမ၊ သက်နိုင်ထွေး(မကွေး)က ၂:၁၀.၆၄ ဖြင့် ဒုတိယ၊ ဟိန်းခန့်ဇင်(ရန်ကုန်)က ၂:၁၂.၂၁ ဖြင့် တတိယ၊ အမျိုးသမီးဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် မေမြတ်နိုးခင်(ပဲခူး)က ၁၁:၂၃.၆၅ ဖြင့် ပထမ၊ မေမြတ်နိုးဇင်(ပဲခူး) က ၁၁:၂၄.၂၁ ဖြင့် ဒုတိယ၊ ခိုင်ဖူးဝေ(ရှမ်း) က ၁၁:၂၈.၉၁ ဖြင့် တတိယ၊ မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် ဖြူသီဦး(ရှမ်း) က ၁၇ ဒသမ ၅၅ စက္ကန့်ဖြင့် ပထမ၊ ညီညီထွေး (တနင်္သာရီ)က ၁၇ ဒသမ ၉၁ စက္ကန့်ဖြင့် ဒုတိယ၊ ဟန်ဝေလွင်(မကွေး)က ၁၈ ဒသမ ၃၄ စက္ကန့်ဖြင့် တတိယ၊ သံလုံးပစ်ပြိုင်ပွဲတွင် ရီရီထွေး(ရခိုင်)က ၁၁ ဒသမ ၃၁ မီတာဖြင့် ပထမ၊ မီးမီးခဲ(စစ်ကိုင်း) က ၁၀ ဒသမ ၅၀ မီတာဖြင့် ဒုတိယ၊ အေးစန္ဒာချို(မွန်)က ၉ ဒသမ ၈၉ မီတာဖြင့် တတိယ၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် မေမြတ်နိုး(မကွေး)က ၂ ဒသမ ၀၀ မီတာဖြင့် ပထမ၊ သော်တာဝင်းကြိုင်(နေပြည်တော်) နှင့် သင်းသင်းဝေ(မကွေး)တို့က ၁ ဒသမ ၉၀ မီတာဖြင့် ပူးတွဲဒုတိယ၊ ဆိုင်လေ(ရှမ်း) က ၁ ဒသမ ၈၀ မီတာဖြင့် စတုတ္ထ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် သီရိလင်း(စစ်ကိုင်း) က ၂၇ ဒသမ ၉၅ စက္ကန့်ဖြင့် ပထမ၊ ပန်ဆုပြည့်(တနင်္သာရီ)က ၂၈ ဒသမ ၂၂ စက္ကန့်ဖြင့် ဒုတိယ၊ အေးစန္ဒာဝင်း(မကွေး) က ၂၈ ဒသမ ၂၄ စက္ကန့်ဖြင့် တတိယ၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် နှင်းရွှေရည်(ချင်း) က ၂:၂၅.၁၄ ဖြင့် ပထမ၊ မိုးမိုးဇော်(ရှမ်း)က ၂:၂၅.၆၆ ဖြင့် ဒုတိယ၊ အေးမြတ်မွန်(ပဲခူး) က ၂:၂၆.၅၁ ဖြင့် တတိယတို့ ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသာအောင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းများမှ အသင်းအုပ်ချုပ်သူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ပြိုင်ပွဲများအပြီးတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းများမှ အဆင့်ရပ်တည်မှုအနေဖြင့် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် လေးခုဖြင့် တနင်္သာရီတိုင်းဒေသကြီးအသင်းက ပထမ၊ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ခုနစ်ခုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ် သုံးခုဖြင့် ရှမ်းပြည်နယ်အသင်းက တတိယ၊ ရွှေတံဆိပ်လေးခု၊ ကြေးတံဆိပ်တစ်ခုဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက စတုတ္ထနေရာတို့တွင် ရပ်တည်နိုင်ခဲ့ကြသည်။

ဩဂုတ်လ ၂၆ ရက်**(ယနေ့)**နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၁၀၀၊ သုံးဆင့်ခုန်၊ လှံတံပစ်၊ မီတာ ၁၅၀၀၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး) ပြိုင်ပွဲများနှင့် အမျိုးသမီး (မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၁၀၀၊ သုံးဆင့်ခုန်၊ လှံတံပစ်၊ မီတာ ၁၅၀၀) ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း - | ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - | ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၁၆၀၅၀၇၁ |

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များတွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၉)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၂၆-၈-၂၀၂၄)ရက်နေ့မှ(၉-၉-၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများအား (၉-၉-၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်
## ဝယ်ယူရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိနည်းပညာတက္ကသိုလ်များအတွက် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူစက်ပစ္စည်းများ ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၂၆-၈-၂၀၂၄)ရက်နေ့မှ(၉-၉-၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများအား (၉-၉-၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off )**

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

# ရေဦးခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲကေ ၈၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ရေဦး ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲကေ ၈၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ရေဦးခရိုင်၌ မြေပဲ ၈၃၁၇၉ ကေ စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၈၀၉၈၆ ကေ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"လက်ရှိအချိန်ထိ မြေပဲကေ ၈၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောသည်။

ယခုနှစ်တွင် ရေဦးခရိုင်၌ မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်၌ ၉၇၇၂ ကေ၊ တန့်ဆည်မြို့နယ်၌ ၃၅၇၄၀ ကေနှင့် ဒီပဲယင်းမြို့နယ် ၃၅၄၇၄ ကေ စုစုပေါင်း ၈၀၉၈၆ ကေဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ရေဦးခရိုင်၌ မြေပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်၌ ၁၁၃၂၉ ကေ၊ တန့်ဆည်မြို့နယ်၌ ၃၅၇၁၀ ကေနှင့် ဒီပဲယင်းမြို့နယ်၌ ၃၆၁၄၀ ကေ စုစုပေါင်း ၈၃၁၇၉ ကေဖြစ်သည်။

ယခုနှစ်တွင် ရေဦးခရိုင်၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်




မှတ်တမ်းများယူခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

# တရားမဝင် ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။





စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၂ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီးဟင်းရွက်ဆီပုံး (၁၀၀) အပါအဝင် စားသောက်ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Air Conditioner (၁၄၃)လုံးအပါအဝင် လုပ်ငန်းသုံးနှင့် လူသုံးကုန်ပစ္စည်း (၅)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၇၄၃၃၃၃၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၃ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာအုပ်စု၊ ထုံးဘိုလမ်းနှင့် ၆၇ လမ်း၊ လမ်းဆုံ၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Iron Wire Rod in Coil ကီလိုဂရမ် (၁၀၀၀၀) အပါအဝင် လုပ်ငန်းသုံးနှင့် လူသုံးကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၁၁၆၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီးနှင့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၁၁၁၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးကျေးရွာ၊ ဦးလှစိုးဆီဆိုင်အနီး၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စက်ဘီး (၄၅)စီးအပါအဝင် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Volvo Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၄ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါး(၆၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၁၉၈၈၅၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၉၈၈၅၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ်လ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၆၃၉၃၄၀၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်းနှင့် ကက်တမင်း ၄၂၇ ကီလိုဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၂ ရက်နေ့ နံနက် ၁ နာရီအချိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ဟွေဟိကျေးရွာရှိ မအားမီ၏ နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်ရှေ့ခြံဝင်းအတွင်း ရပ်တန့်ထားသည့် MITSUBISHI PAJERO မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်းနှင့် စိတ်ပြောင်းဆေးဝါးကက်တမင်း ၄၂၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(၁၀၀)**



မအားမီကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
THE BEST QUALITY TYRE
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
CAR TYRES
CYCLE TYRES
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
COPPER 99.99%
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀




Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁




အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

❖ **ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရပင်ဖြစ်စေ၊ မိမိတို့နိုင်ငံ၏ပကတိအရှိတရားအရဖြစ်စေ၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးတာဝန်ပင်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ပြုလုပ်သော(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်လူငယ်နှင့်စာပေအနုပညာပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံမည်ဖြစ်၊ စိုက်ကေများအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်စိုက်ပျိုးရန်လိုပြီး သီးထပ်များ စိုက်ပျိုးရန်လည်းလို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့၊ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးညိုစော၊

စာမျက်နှာ ၅ ကော်လံ ၁ ➜

